# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၂) ရက် ၊ တနင်္လာနေ့ ၊ (19-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက် ပန်းပွဲတော် "Blooming Fantasy 2022" ဖွင့်ပွဲကျင်းပ




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များက အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက် ပန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက်ပန်းပွဲတော် "Blooming Fantasy 2022"ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ပန်းပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ပြည်ပသို့ စက်မှုကုန်ချော တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံရရှိ**

စာမျက်နှာ - ၅

**ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ စားသုံးဆီတန်ချိန် ၄၄၀၀၀၀ ကျော် တင်သွင်းခဲ့**

စာမျက်နှာ - ၃၀

**၂၀၂၂ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်**

စာမျက်နှာ - ၁၇




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# လျှင်အန္တရာယ်ကို တွေ့ရှိမပူ သတိမူပါ

လျှင်လှုပ်ခြင်းသည် ဘူမိဗေဒဖြစ်စဉ်တစ်ခုဖြစ်ပြီး လူသားတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိကာ ထိခိုက်မှုများဖြစ်ပေါ်စေနိုင်သည်။ လျှင်လှုပ်ခြင်းကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာနိုင်သော ပြဿနာရပ်များမှာ မြေပြိုခြင်း၊ ဆူနာမီလှိုင်းများဖြစ်ပေါ်ခြင်းနှင့်နေအိမ်အဆောက်အအုံများ ယိုယွင်းပျက်စီးခြင်း စသည်တို့ဖြစ်သည်။

လျှင်လှုပ်ခြင်းသည် လူတို့ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော သဘာဝဘေးအန္တရာယ်များအနက်မှ ကြိုတင်မှန်းဆရန် ခက်ခဲသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ ရေကြီးနစ်မြုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြတ်သန်းခြင်း၊ တောမီးလောင်ကျွမ်းခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို လူတို့ကြိုတင်ခန့်မှန်းသိရှိနိုင်ကြသော်လည်း လျှင်လှုပ်ခြင်းကိုမူ ပိုမိုကြိုတင်သိရှိရန် ကြိုးပမ်းနေကြဆဲဖြစ်သည်။ ထို့ကြောင့် ကြိုတင်မသိနိုင်သည့် လျှင်ဘေးအန္တရာယ်များကို တွေးတောပူပန်ကြောင့်ကြနေမည့်အစား အင်အားပြင်းလျှင်များနှင့် ကြုံခဲ့ပါက လိုက်နာလုပ်ဆောင်ရမည့် နည်းလမ်းများကို သတိတရားဖြင့် ပြုမူသင့်ပေသည်။

အင်အားပြင်းလျှင်လှုပ်ခတ်နေစဉ်တွင် လိုက်နာရန် အချက်များကို မီဒီယာတို့မှတစ်ဆင့် သတ်မှတ်ဖော်ပြလျက်ရှိသည်။ အင်အားပြင်း လျှင်လှုပ်ခတ်မှုနှင့် ကြုံကြိုက်ပါက ဦးစွာ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။ ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။ ဝပ်-ဘေးအန္တရာယ်ကင်းသောနေရာတွင် ဝပ်နေပါ။ ကာ-ခိုင်ခံ့သော စားပွဲခုံ၊ ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။ ကိုင်- ခိုင်ခံ့သောစားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။ လယ်ကွင်း၊ ကွင်းပြင် သို့မဟုတ် ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာ)သို့ ပြေးပါ။ လျှင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ သို့မဟုတ် မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေသို့ ရွှေ့ပြောင်းပါ။ မီးအသုံးပြုနေစဉ် လျှင်လှုပ်ပါက မီးတောက်ကိုငြိမ်းပါ။ မီးခလုတ်များကိုပိတ်ပါ။ ဆိုင်ကယ်၊ ကား စသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင်ရပ်ထားပါ ဟူသည့်အချက်များမှာ သတိပြုဖွယ်၊ လိုက်နာဖွယ်ဖြစ်သည်။

လျှင်လှုပ်ခြင်းသည် လူ့အဖွဲ့အစည်းကို စိန်ခေါ်နေသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူနေမှုစနစ်ပုံသဏ္ဌာန်များအပေါ် ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်စေသည်။ လူနေအဆောက်အအုံများ အထပ်မြင့်အဆောက်အအုံများ၊ မြစ်ကူးတံတားများ စသည်တို့ဆောက်လုပ်ရာတွင် ပိုမိုကြံ့ခိုင်မှုရှိစေရန်နှင့် လျှင်ဒဏ်ကို ခံနိုင်ရည်ရှိစေရန် ဗိသုကာပညာရပ်တွင် ထည့်သွင်းစဉ်းစားကာ ဆောက်လုပ်လာကြသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်ကို ပိုမိုမြင့်တက်စေနိုင်မည်ဖြစ်သော်လည်း လူ၏အသက်ထက် မည်သည့်အရာကမျှ ပို၍တန်ဖိုးမရှိ ဟူသော စကားရပ်အတိုင်း ကုန်ကျရကျိုးနပ်စေသည့် ဆောက်လုပ်မှုတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ပေရာ လူတို့ကြုံတွေ့ရလေ့ရှိသော သဘာဝဘေးအန္တရာယ်များအနက် လျှင်အန္တရာယ်ကို ကြိုတင်သိရှိရန် ကြိုးပမ်းနေရဆဲဖြစ်သည်။ ထို့ကြောင့် တိုက်ရိုက်ထိခိုက်မှုဖြစ်ပေါ်စေနိုင်သည့် လျှင်ဘေးအန္တရာယ်ကို ရင်ဆိုင်ကြရာတွင် အိုဟောင်းနေသောအဆောက်အအုံများ၌ နေထိုင်မှုမှ ရှောင်ကြဉ်ခြင်း၊ ကြံ့ခိုင်မှုရှိ၍ လျှင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်းနှင့် ကြိုတင်ပြင်ဆင်ကာကွယ်၍ရသောအပိုင်းများကို ကြိုတင်ပြင်ဆင်ကာကွယ်ရပေမည်။ ထို့ပြင် လျှင်ဘေးကို လက်တလောရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း သတိရှိရှိတည်ငြိမ်စွာရင်ဆိုင်သွားခြင်းဖြင့် ကိုယ်စိတ်နှစ်ပါးထိခိုက်ရမှုများ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၁၀၉၅၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

" ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ပေါ်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဖူးမြော်သူတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေစီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၈၃၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၈၀၁၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းကပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၁၀၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း တည်ငြိမ်နေ

**မန္တလေး ဒီဇင်ဘာ ၁၈**

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ အလှုပ်အခတ်ရှိခဲ့သော်လည်း ပြည်တွင်းရွှေဈေးကွက်၌ ဈေးနှုန်း တည်ငြိမ်နေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၆ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၂၄ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၃ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၁၇၉၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ဈေးကွက်ရဲ့ သဘောတရားအရ ငြိမ်နေတာက ကောင်းတာလဲရှိသလို မကောင်းတာလဲရှိတယ်။ အဲဒီလိုငြိမ်နေတာ အချိန်တစ်ခုထိကြာလာပြီဆိုရင် အကျဘက်လား၊ အတက်ဘက်လား တစ်ခုခုဖြစ်ဖို့ အားယူနေတဲ့သဘောလို့ သုံးသပ်ရတာပေါ့။ လက်ရှိအခြေအနေတွေအရတော့ အကျဘက်ထက် အတက်ဘက်ကို ရောက်နိုင်မယ်လို့ ခန့်မှန်းထားကြတာပဲ။ ပြည်တွင်းမှာ ဈေးနှုန်းတည်ငြိမ်နေပေမဲ့ ကမ္ဘာ့ရွှေဈေးက အလှုပ်အခတ်ကြမ်းခဲ့ပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၇ ဒေါ်လာ၊ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင်ငွေကျပ် ၂၅၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၃ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၄ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ဒေသစုံမှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ဒေသစုံမှထွက်ရှိသည့် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး ကုန်စိမ်းသီးနှံဈေးကွက်သို့ မြစ်သား၊ မြင်းခြံ၊ တောင်သာဒေသတို့မှထွက်ရှိသည့် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လာပြီး ယခုလက်ရှိ ကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ကြက်သွန်နီက အဓိကစိုက်ပျိုးတဲ့ ဒေသတွေကနေ ဝင်ရောက်လာပါတယ်။ ဒေသစုံက အပြိုင်ထွက်ရှိလာတော့ ဈေးကွက်အတွင်းကို ကြက်သွန်နီတွေ နေ့စဉ်လှိုင်လှိုင် ဝင်ရောက်လာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အရောင်းအဝယ်တွေ ကောင်းနေတာကြောင့် တောင်သူတွေအတွက်လဲ အဆင်ပြေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ပဲတောင့်ရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အသင့်အတင့် ရောင်းအားကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ကြက်သွန်နီများကို မြင်းခြံ၊ မြစ်သား၊ ရေစကြို၊ မုံရွာ၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်သာ စသည့် ဒေသတို့တွင် နွေ၊ မိုး နှစ်ရာသီ စိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေနံချောင်းမြို့နယ် ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဇီးပင်ရိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၄၃၀၅၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၆၆၉၅၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၃၁၀၀၀၀၀၀ ထုတ်ချေးပေးခဲ့သည်။ **နွံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၂ လမ်း၊ ၁၄ လမ်း - ၁၅ လမ်းကြား ပြည်လုံးချမ်းသာရပ်နေ ဒေါ်စင်စောမူ၊ မဝေမွန်သက်နွယ်၊ မသဲသီရိသက်နွယ် မိသားစုက ဦးနိုးသက်နွယ်အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၉၅ ဧက လျာထားစိုက်ပျိုးသွားမည်





**ယင်းမာပင် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၄၉၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် နွေစပါးသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် နွေစပါး ၅၉၅ ဧက၊ ကနီမြို့နယ်တွင် နွေစပါးဧက ၅၃၀၊ ဆားလင်းကြီးမြို့နယ်တွင် နွေစပါးဧက ၆၅၀၊ ပုလဲမြို့နယ်တွင် နွေစပါးဧက ၇၂၀ စုစုပေါင်းနွေစပါး ၂၄၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ နွေစပါးသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ နွေစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲနိုင်ဖို့အတွက် စိုက်နည်းစနစ်တွေကို ဆောင်ရွက်ပေးနေတယ်။ ဒီနှစ် နွေစပါးသီးနှံဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါး ၂၁၉၆၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် သီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေးနှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေးနည်းပညာများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။(၂၀၆)

# မလှိုင်မြို့နယ် ကံကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကံကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်း၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာလွင်နှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကံကလေးကျေးရွာ၌ လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် သုံးပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်ဘီးလမ်း ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကံကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**

# ဇလွန်မြို့နယ် ကျေးရွာလေးရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ အိုင်သလွန်ကျေးရွာ၌ လမ်းအရှည် ၂၇၄၅ ပေ၊ အကျယ်ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် ညောင်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၆၂၀၊ အကျယ်ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်း၊ ညောင်ဝိုင်းကျေးရွာ၌ လမ်းအရှည် ၁၁၅၅ ပေ၊ အကျယ်ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် နတ်စင်ဒေါင့်ကျေးရွာ၌ လမ်းအရှည် ၁၁၅၅ ပေ၊ အကျယ်လေးပေ၊ အမြင့်ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းများကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၄၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောပြ၍ သိရသည်။ **မောင်ခိုင်**



# ကျေးဇူးတရား

**ချစ်နိုင်(စိတ်ပညာ)**

စာရေးသူဖြစ်လာရခြင်း အကြောင်းရင်းများတွင် ထင်ရှားကြီးမားစွာ အလင်းရောင်ပေးသော အမှတ်တရစာအုပ် နှစ်အုပ်ကိုဖော်ပြလိုပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ အရှေ့တိုင်းပညာပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်ရေးသည့် **"မြန်မာစာပေသမိုင်း"**စာအုပ်နှင့် အမျိုးသားစာပေတစ်သက်တာဆုရ(၂၀၁၃) ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါက်တာဦးခင်အေး ရေးသားသော **"မြန်မာစကားပြေသဘောတရား၊ စကားပြေအတတ်ပညာ"**စာအုပ်တို့ဖြစ်ကြသည်။ စာပေလေ့လာခြင်း၊ စာပေသင်ကြားပို့ချရေးသားခြင်းတို့ဖြင့် မြန်မာစာပေလောကကို ထူးခြားကြီးမားစွာ ကျေးဇူးပြုခဲ့ကြသော ပါမောက္ခဆရာကြီးနှစ်ပါး ဖြစ်ပါသည်။

အံ့ဩစရာကောင်းသော ဆန်းကြယ်သည့်စွမ်းအားစွမ်းအင်များ ထိုစာအုပ် နှစ်အုပ်ထဲတွင် သေချာပေါက်ပါဝင်နေခဲ့ပါသည်။ မြန်မာစာပေသမိုင်းကို မိမိ တက္ကသိုလ်(၁၉၆၆) ပထမနှစ်ရောက်မှ မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီးနောက်တွင်ရှိသော စာအုပ်ဆိုင်၌ စတင်တွေ့ရှိရသည်။ ထွက်ခဲ့သည်မှာ ကြာပါပြီ။ မိမိဝယ်ခဲ့သော စာအုပ်သည် ဒုတိယအကြိမ်၊ တတိယအကြိမ် ပုံနှိပ်သောစာအုပ်ဖြစ်ပါလိမ့်မည်။ မိမိက ယခုမှ ဖတ်ရ၊ သိရသဖြင့် ကြည်နူးဝမ်းသာလွန်းသောကြောင့် မိမိကဲ့သို့ စာပေချစ်သူ ကျောင်းနေဖက် စာရှူး ပေရူးသူငယ်ချင်းသုံးယောက်ဆီသို့ (ရှိစုမဲ့စု မုန့်ဖိုးပိုက်ဆံထဲက)စာတိုက်မှတစ်ဆင့် ဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းစာအုပ်ကို ဝယ်ပို့ပေးလိုက်ပါသည်။ ရောင်းခြင်းမဟုတ်ပါ။ လှူခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ သိသမျှ ကြည်နူးဝမ်းသာနှစ်သက်သော အရသာကို မျှဝေပေးခြင်းပါ။

ဤကဲ့သို့သော အလှူဒါနများကြောင့် စာရေးသူဖြစ်လာသလားတော့မသိပါ။ **ဆရာဇော်ဂျီ၏ ဗေဒါလမ်း ကဗျာပေါင်းချုပ်၊** အဖုံးနှင့် အတွင်းပန်းချီ ပန်းချီအောင်စိုး၊ ရန်ကုန်တက္ကသိုလ်(ကျောင်းသားသမဂ္ဂကထုတ်ခဲ့သည်လား မမှတ်မိတော့ပါ) ဆရာသိန်းသန်းထွန်း၊ အတွင်းရေးမှူးက တာဝန်ယူထုတ်ဝေခဲ့သောစာအုပ်လေးဆိုလျှင် မိမိမြတ်နိုးနှစ်သက်လွန်းသည့်အတွက် ငယ်သူငယ်ချင်း လေးဦး၊ ငါးဦးထံ စာတိုက်မှပေးပို့ဖြန့်ဝေလိုက်သည်။ တစ်အုပ်မှ တစ်ကျပ်။ (စာရေးသူ မြဝတီစာပေတိုက်၊ စာတည်းမှူးချုပ်နှင့်ထုတ်ဝေသူဖြစ်လာသောအခါ ဆရာစံတိုး ပန်းချီအဖုံးနှင့် ဆရာဇော်ဂျီဗေဒါလမ်းကဗျာ ၄၁ ပုဒ်ကို စာအုပ်ထုတ်ဝေခဲ့ပါသေးသည်။ အမှတ်တရရှိနေခြင်းမှာ အုပ်ရေ ၅၀၀၀ ရိုက်လိုက်၊ ကုန်လိုက် အခါခါ ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ရခြင်းနှင့် ကဗျာစာအုပ်ဆိုတာ ရောင်းမစွံသဖြင့် အုပ်ရေ ၂၀၀၀ ခန့်သာ စမ်းသပ်ပြီး ရိုက်သင့်ကြောင်း အကြံပြုကြသော အမှုဆောင်များ၏ စကားကို မိမိက ဤကဗျာစာအုပ်ကို ကျွန်တော့်လို အမြတ်တနိုးရှာဖွေနေသူများ အများကြီးရှိပါသည်။ ဝယ်သူမရှိလျှင် ကျွန်တော်အားလုံးဝယ်ပြီး လှူပါမည်ဟု တာဝန်ယူပြီး ပုံနှိပ်ထုတ်ဝေခဲ့ရကြောင်း သတိရမိပါသေးသည်။)

ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဦးသိန်းဟန်(ဇော်ဂျီ)တို့ကား ကွယ်လွန်သွားခဲ့ကြပေပြီ။ ဆရာကြီးများပြုစုရေးသားခဲ့သည့် စာကောင်းပေမွန်များကား အမြဲတစေ သစ်လွင်လတ်ဆတ်ပြီး ကောင်းမွန်နေကြသည်သာဖြစ်သည်။ စာဖတ်သူကြိုးစားရှာဖွေ၍ ထိတွေ့စေချင်ပါသည်။

ဤနေရာတွင်ကား စကားပြေသဘောတရားနှင့် စကားပြေအတတ်ပညာကို ပြုစုရေးသားခဲ့သော ပါမောက္ခ ဒေါက်တာဦးခင်အေး၊ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ ရုပ်ပုံလွှာကို မိတ်ဆက်လိုခြင်းဖြစ်သည်။ ဆရာကြီး၏ စာပေနှင့်ဘဝတစေ့တစောင်းကို စာပေဗိမာန်စာတည်းအဖွဲ့က စုဆောင်းပြုစုထားသော **အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်များ၏ အကြောင်း(၂၀၀၁–၂၀၁၃)စာအုပ်**တွင် ဖတ်ရှုနိုင်ပါမည်။ အမျိုးသားစာပေတစ်သက်တာဆုရ ပုဂ္ဂိုလ်များနှင့် သူတို့ရေးသားခဲ့သည့် လက်ရာများကို ပြည်သူအများ ပိုမိုကျယ်ပြန့်စွာ သိမြင်ထိတွေ့စေရန်အတွက် မိမိလုပ်ဆောင်နိုင်စွမ်းရှိသော အခြေအနေရှိခဲ့စဉ်က သက်ဆိုင်ရာကို တာဝန်ခွဲဝေပေးပြီး စုဆောင်းပြုစုစေခြင်း၊ သတင်းစာတွင် စာများ၊ ပုံများ၊ စာအုပ်အဖုံးပုံ၊ လူမျက်နှာပုံ၊ အပတ်စဉ်ဖော်ပြရန်နှင့် စုစည်းကာလုံးချင်း နှစ်တွဲ၊ သုံးတွဲထုတ်ဝေရန် လမ်းညွှန်စီမံခဲ့သည်။ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုကို ဖတ်ရှုလေ့လာလိုသူများအတွက် မိတ်ဆက်အညွှန်းသဖွယ်ဖြစ်နိုင်ကောင်းသည်။ စာတည်းအဖွဲ့ဝင် လူငယ်များမှာ ဝမ်းစာနည်းသေးသဖြင့် စာစုစာရင်းထည့်ပါရန် တိုက်တွန်းခဲ့သော်လည်း ပါရှိမလာပေ။ ရှိစေတော့။ ဤမျှအကောင်အထည်ပေါ်အောင် လုပ်ဆောင်ပေးသည်ကိုပင် ကျေးဇူးအထူးတင်နေမိပါသေးသည်။ စာပေမြတ်နိုးသူများအတွက် ဖတ်ချင်၊ စုချင်ကြမည့် စာအုပ်မျိုးမဟုတ်ပါလား။ ထားတော့။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ လူငယ်နှင့်ပညာဆိုင်ရာစာစု **"အမေးခံတစ်ယောက် အမေးပေးသူတစ်ရာ"**စာအုပ်ကိုလည်း စာပေဗိမာန်မှ တတိယအကြိမ် ထပ်မံရိုက်နှိပ်ပေးရန် မိမိလမ်းညွှန်စီမံခဲ့ပေသည်။

စကားအလျဉ်းသင့်သဖြင့် အနည်းငယ်ဖော်ပြခွင့်ပြုစေလိုသည်။ ဓနုဖြူမြို့နယ် ကျုံတနီးရွာဇာတိ မောင်ခင်အေးလေးသည် သူ၏ ဆရာ၊ ဆရာမများအကြောင်းကို မကြာခဏစဉ်းစားဆင်ခြင်ရင်း ကျေးဇူးတရားကို ပူဇော်သတိရလေ့ရှိလေသည်။ သူ့အသက်လေးနှစ်သားအရွယ်က သူ့အိမ်မှာအတူနေကြသည့် မိခင်ဒေါ်စော၏ဖခင် ဦးသီဟဆိုသော အသက်ရှစ်ဆယ်အဘိုးအိုသည် သူ့ဘဝ၏ကံ့ကူလက်လှည့် ပထမဦးဆုံးသောဆရာ "ဘဘ"ဖြစ်ခဲ့ကြောင်း ရေးထားပါသည်။ မောင်ခင်မင်၏အဘိုး ဦးသီဟကို ကျုံတနီးတစ်ရွာလုံးက ဆရာလေး ဆရာလေးဟု လေးစားရိုကျိုးစွာ ကြည်ညိုချစ်ခင်ကြရသော မူလတန်းကျောင်းအုပ်ဆရာကြီး၊ ကြီးလာတော့ အငြိမ်းစား၊ ရွာသူ၊ ရွာသားအားလုံး၏ ငယ်ဆရာ၊ ရပ်မိရပ်ဖဖြစ်ပေသည်။

ဦးသီဟနှင့် ဦးဒီပ ညီအစ်ကိုသည် မန္တလေးရတနာပုံခေတ်၊ သီပေါမင်း ပါတော်မူစမှာ နေပြည်တော်နန်းတွင်းမှ အောက်ပြည်အောက်ရွာသို့ အစ်ကိုက ဓနုဖြူရောက်၊ ညီက ကျောက်ပန်းတောင်းနယ်သို့ ရောက်၊ ကိုယ်ယောင်ဖျောက်ခဲ့သော နန်းတွင်းမင်းမှုထမ်းမျိုးရိုးဖြစ်ကြ၏။ ဦးသီဟက ကျုံတနီးရွာ၏ ရပ်မိရပ်ဖ ပညာရေးခေါင်းဆောင်ဖြစ်ခဲ့သကဲ့သို့ ညီ ဦးဒီပကလည်း ကျောက်ပန်းတောင်းမြို့နယ် အင်းကန်ရွာတွင် ရွာသူကြီးအဖြစ် နှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့သူ ရပ်ရွာခေါင်းဆောင်ဖြစ်လေသည်။

မောင်ခင်အေးကို အိမ်မှာပင် စာရေးတတ်အောင်၊ ဖတ်တတ်အောင် အဘိုး ဦးသီဟက သင်ပြခဲ့သည့်အပြင် ဒဂုန်၊ နဂါးနီ၊ တိုးတက်ရေး၊ ကြီးပွားရေးစသောစာနယ်ဇင်းမျိုးစုံကို ကလေးဘဝကပင်ထိတွေ့ရင်းနှီးအောင် မိတ်ဆက်ပေးခဲ့သည့် ကျေးဇူးရှင် ဘဘ ပထမဆရာဖြစ်လေသည်။ သူ့ဘဝတစ်လျှောက်လုံး ရပ်မိရပ်ဖအဖြစ် လူအများက ချစ်ခင်ကြည်ညိုလေးစားခံရသည့် ဘဘ ဦးသီဟ(မန္တလေး၊ ရတနာပုံ၊ မင်းမှုထမ်း၊ မြန်မာစစ်စစ်)၏ ကျောင်းဆရာပုံရိပ်နှင့် ခေါင်းဆောင်မှု ဥပမိရုပ်သည် မောင်ခင်အေး၏ နှလုံးသားမှာ စွဲထင်အားကျ(Ideal Model) စိတ်ကူးထဲတွင် အဖြစ်ချင်ဆုံး ဘဝပန်းတိုင်ပုံရိပ်ဖြစ်ခဲ့လေတော့သည်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ချီးမြှင့်ခံရသော စာပေဆုများ များစွာရှိလေသည်-

**၁။ ၁၉၈၇ ခုနှစ် မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ စာပေဗိမာန်စာမူ ပထမဆု (သုတပဒေသာဝိစ္စာ)**

**၂။ ၂၀၀၂ ခုနှစ် နှစ်လေးဆယ်ဘဝမှတ်တိုင်များ အမျိုးသားစာပေဆု(စာပဒေသာ)**

**၃။ ၂၀၀၉ ခုနှစ် ဘာသာအမြင် စာပေအမြင်၊ အမျိုးသားစာပေဆု(စာပဒေသာ)**

**၄။ ၂၀၀၉ ခုနှစ် အိုဆာကာညှော်သည် သုတစွယ်စုံစာပေဆု**

**၅။ ၂၀၁၀ ပြည့်နှစ် ကိုလိုနီခေတ် မြန်မာစာပေသမိုင်း ထွန်းဖောင်ဒေးရှင်းစာပေဆု**

**၆။ ၂၀၁၃ ခုနှစ် အမေးခံသူတစ်ယောက် အမေးပေးသူတစ်ရာ(လူငယ်နှင့်ပညာဆိုင်ရာစာစု) အမျိုးသားစာပေဆု(လူငယ်စာပေ)**

**၇။ ၂၀၁၉ ခုနှစ် မင်းသုဝဏ်ဦးကာ၊ ထွန်းဖောင်ဒေးရှင်းစာပေဆု(အထွေထွေစာပေဆု)**

စာအုပ်တစ်အုပ်ချင်း၏ ကြီးမားထူးခြားသော ကောင်းကျိုးပြုခြင်းကြောင့် စာပေဆု ခုနစ်ခုရခဲ့သည့် နည်းတူ စာပေအနုပညာကို ချီးမြှင့်မြှောက်စားအားပေးသောအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝတစ်လျှောက်လုံး စာပေဖွံ့ဖြိုးရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းအတွက်လည်း ဂုဏ်ပြုချီးမြှင့်မှုကို အကြိမ်ကြိမ်ရရှိခဲ့ပြန်ပေသည်-

**၁။ ၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ တစ်သက်တာ စာပေဆု**

**၂။ ၂၀၁၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာ စာပေဆု**

**၃။ ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆု**

**၄။ ၂၀၁၇ ခုနှစ် သုတစွယ်စုံ တစ်သက်တာ စာပေဆု**

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)သည် ပညာဖြင့်သာ အသက်မွေးမည်ဟု ငယ်စဉ်ကပင် ရည်ရွယ်ခဲ့သည်။ ခွန်အားဗလ မတောင့်တင်းလှ၊ ပိန်ပိန်ပါးပါးဖြစ်သည်။ ကျန်းမာရေးလည်း ကောင်းလှသည်မဟုတ်၊ ငယ်စဉ်က ချူချာခဲ့သည်။ ရုပ်လည်းမချောလှပါ။ အသားလည်း မဖြူပါ။ သို့ရာတွင် အသည်းဖြူသူဖြစ်ပေသည်။ စိတ်ဥပမိရုပ်ကြည်လင်သည်။ စိတ်လှသူ ပုဂ္ဂိုလ်ဖြစ်ကြောင်း ဘဝတစ်လျှောက်လုံး စာပေနှင့် မြန်မာစာပေ၊ အနုပညာ၊ အမျိုးသားရေးကို ထူးခြားမြင့်မားစွာ ကောင်းကျိုးပြုခဲ့သော ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်လေသည်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)သည် ၁၉၄၀ ပြည့်နှစ် မွေးဖွားသူဖြစ်သည်။ ဉာဏ်ပညာကြီးမား၍ လုံ့လဝီရိယထက်သန်သည့်အပြင်(ပိန်ပိန်ပါးပါး၊ ခါးကိုင်းကိုင်း၊ အသားညိုညို၊ ငယ်စဉ်က ချူချာခဲ့သည်ဆိုသော်လည်း) သက်တော်ရှည်သည့် အဖိုးတန်ပုဂ္ဂိုလ်အမှန်ပင်ဖြစ်ပေသည်။ ယခုအခါ အသက် ၈၀ ကျော်ပါပြီ။

စာရေးသူ လေးစားချစ်ခင်ကြည်ညိုရသော ရှေ့ဆောင်လမ်းပြဆရာတစ်ဆူ။ သူ့ဘာကြောင့်တော် သလဲဟု အဖြေရှာခဲ့ရာ တွေ့ရပါပြီ။ သူကား သူများနှင့်မတူ။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို အထူးသိမှတ်၊ ကျေးဇူးသိတတ်ပုံကား ရှာမှရှားလေသည်။ လေးစားအတုယူစရာ။

သူ လေးနှစ်သားအရွယ်က ဝလုံး၊ ကကြီး၊ ခကွေးစ၍ သင်ပေးခဲ့သည့် အဘိုးဆရာ ဦးသီဟမှစ၍ ရေတွက်ခဲ့ရာ ဆယ်တန်းအောင်သည်ထိ သူ့ကို ပညာသင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမပေါင်း အမည်နာမ တိတိကျကျနှင့်တကွ၊ ဘာသာရပ်များနှင့်တကွ၊ စာရင်းအရေအတွက် ၄၈ ဦးရှိခဲ့သည်ဆို၏။

တက္ကသိုလ်မှာ ဘာသာ၊ သင်ခန်းစာအသီးသီး ပို့ချသင်ပြခဲ့ကြသည့် ဆရာ၊ ဆရာမပေါင်းအရေအတွက်က ၅၁ ဦးရှိသည်ဆို၏။ စုစုပေါင်း ဆရာ ၉၉ ဦးတွေ့ရသောအခါ သူအံ့ဩမိသည့်အပြင် ထိတ်လန့်မိသည်ဆို၏။ ထိတ်လန့်မိခြင်းမှာ ဤမျှ တစ်ရာနီးပါး(တစ်ရာတစ်ပါးယုတ်)များလိမ့်မည်ဟု သူလုံးဝထင်မထားခဲ့ခြင်းကို တွေ့လိုက်ရသောကြောင့် အံ့ဩထိတ်လန့်ခဲ့ရခြင်း။ ထို့ကြောင့် ဆရာ၊ ဆရာမများကား အရေအတွက်များပြားလှရုံမက ကျေးဇူးတရားဂုဏ်လည်း ကြီးမားခမ်းနားပေစွဟု အလေးအနက် နားလည်ခဲ့သူဖြစ်လေသည်။ စာဖတ်သူ၏ ဆရာ၊ ဆရာမများအမည်စာရင်းရေးမှတ်၍ အောက်မေ့အသိအမှတ်ပြုဖူးပါ၏လော။ ဤပုဂ္ဂိုလ်ကား ထို့ကြောင့် ကျေးလက်တောရွာလေးမှ နိုင်ငံကျော်စာရေးဆရာကြီး၊ ပါမောက္ခကြီးဖြစ်လာရခြင်း အကြောင်းရင်းတစ်ရပ်ပါပေတည်း။

ဆရာကြီးက သူ့အကြောင်းသူလည်း ရှုကြည့်ဆင်ခြင်မှတ်တမ်းတင်လေ့ရှိသည်။ ၂၀၂၂ ခုနှစ်ထိ ကိုယ်တိုင်ရေးအထွေထွေ ခုနစ်အုပ်ပင်ရှိခဲ့လေပြီ-

**၁။ ၂၀၀၂ ခုနှစ် နှစ်လေးဆယ်ဘဝမှတ်တိုင်များ**

**၂။ ၂၀၀၉ ခုနှစ် အိုဆာကာညှော်သည်**

**၃။ ၂၀၁၄ ခုနှစ် ပညာနှလုံးသား**

**၄။ ၂၀၁၅ ခုနှစ် တက္ကသိုလ်မြေ ဖြေချစ်သောနေ့ကျောင်းသား**

**၅။ ၂၀၁၇ ခုနှစ် အမိတက္ကသိုလ်ရင်ခွင်မှာ**

**၆။ ၂၀၂၀ ပြည့်နှစ် ကလောင်တစ်ချောင်း၏ အထွေထွေ**

**၇။ ၂၀၂၂ ခုနှစ် တစ်ဘဝ တစ်ဓာ**

တတိယထောင်စုနှစ် နှစ်ဆယ့်တစ်ရာစု ဘဝခရီးကို အောင်မြင်ချောမွေ့စွာ ဆက်လက်ဖြတ်သန်းလိုသော လူငယ်များအတွက် စေတနာကောင်းနှင့် တိုက်တွန်းအသိပေးလိုသည်မှာ ဆရာမောင်ခင်မင်(ဓနုဖြူ)၏ ရိုးရိုးကျင့်၍ မြင့်မြင့်ကြံသော စွမ်းဆောင်ချက်များ၊ စာပေလက်ရာများကို လေ့လာဖတ်ရှုအသုံးပြုနိုင်ပါစေ။ ပညာခေတ်မှာ ပညာကို အလေးထားဆည်းပူးရှာဖွေပါ။ ဒေါက်တာဦးခင်အေး၏ **စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ(၁၉၇၉)စာအုပ်၊ ပြည်သူ့အတွက်စကားပြေ(၁၉၈၅)** စာအုပ်လောက်တော့ မိမိရရဖတ်ဖူးအောင်ဖတ်သင့်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်က ထုတ်ဝေနေသော စာအုပ်ကျောဖုံးမှာ ဖော်ပြလေ့ရှိသော စာတစ်ပိုဒ်ဖြင့် နိဂုံးချုပ်လိုက်ပါသည်-

**"ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင် ပညာမြင့် ကျင့်သော် အောင်မြင်၊ သင်သော် ထူးချွန် ဘဝအတွက် စာကောင်းပေမွန်"**

❖ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)သည် ၁၉၄၀ ပြည့်နှစ် မွေးဖွားသူဖြစ်သည်။ ဉာဏ်ပညာကြီးမား၍ လုံ့လဝီရိယထက်သန်သည့်အပြင် (ပိန်ပိန်ပါးပါး၊ ခါးကိုင်းကိုင်း၊ အသားညိုညို၊ ငယ်စဉ်က ချူချာခဲ့သည်ဆိုသော်လည်း) သက်တော်ရှည်သည့် အဖိုးတန်ပုဂ္ဂိုလ်အမှန်ပင်ဖြစ်ပေသည်။ ယခုအခါ အသက်၈၀ ကျော်ပါပြီ။ စာရေးသူ လေးစားချစ်ခင်ကြည်ညိုရသော ရှေ့ဆောင်လမ်းပြဆရာတစ်ဆူ။ သူ့ဘာကြောင့်တော်သလဲဟု အဖြေရှာခဲ့ရာ တွေ့ရပါပြီ။ ❖

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကာလအတွင်း စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများကို ပြည်ပသို့ တင်ပို့ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေအမေရိကန် ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၃ ဘီလီယံ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ရရှိထားကြောင်း သိရသည်။

"ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၂ ရက်ထိ CMP လက်ခစားချုပ်ပြီး အထည်အပါအဝင် စက်မှုကုန်ချောပစ္စည်း ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ပို့ကုန်ဝင်ငွေ ရရှိထားတာဖြစ်တယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြသည်။

မြန်မာနိုင်ငံမှ တင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် CMP လက်ခစားချုပ်ပြီး အထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သကြားနှင့် အခြားစက်မှုကုန်ချောပစ္စည်းများပါဝင်ပြီး မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည် တင်ပို့မှုက ပထမနေရာနှင့် သဘာဝဓာတ်ငွေ့က ဒုတိယနေရာတွင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များတွင် ရေနံထွက်ပစ္စည်း တင်သွင်းမှုက ပထမနေရာနှင့် ချည်မျှင်နှင့်အထည်အလိပ် တင်သွင်းမှုက ဒုတိယနေရာတွင်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ASH



# ပွင့်ဖြူမြို့နယ် ခုံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်မုန်းကျေးရွာအုပ်စု ခုံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လစဉ် စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့နယ် ခုံစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၃၀ကို ငွေကျပ် ၃၄ ဒသမ ၅၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၈၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၇၂ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အရွယ်သုံးပါး တန်ဖိုးထား

\- တစ်နေ့ တစ်ရက် တစ်မနက်ပင်
ကြီးခဲ့လျှင်မူ ကြီးသူကိုသာ
ရိုသေပါကြ ရှေးကစဉ်လာ
သူငါကျင့်သုံး မြန်မာ့ထုံး။

\- ရွယ်တူတန်းတူ ချစ်ကြည်ဖြူကြ
တူမျှလေးစား အရေးထားသည့်
မြင့်မားစိတ်အခြေ တို့တစ်တွေသည်
တည်ကြည်နှလုံး သူတော်ထုံး။

\- ကိုယ့်ထက်ငယ်ငြား သနားကြင်နာ
ကရုဏာဝင် စောင့်ရှောက်ချင်သော
မနောစိတ်မြတ် လွှမ်းပတ်မေတ္တာ
မြန်မာစိတ်ထား ရင်မှာပွား။

\- အရွယ်သုံးပါး တန်ဖိုးထား၍
လေးစားချစ်ခင် ကြင်ကြင်နာနာ
ရိုသေစွာအမှန် ချစ်တုံ့ပြန်ကာ
"မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ"
ရင်မှာရွှန်းစို ဖြဟ္မစိုရ်တရား
ပွားများကျင့်သုံး မြန်မာ့ထုံးတည့်။

\- ကြီးသူရွယ်တူ ငယ်ရွယ်သူဟု
လူနှင့်လူချင်း မေတ္တာနှင်း၍
ရိုင်းပင်းသွယ်ယှက် ခရီးဆက်မည်
တိုးတက်လှအောင် သစ်စေဖို့။

**အကျော်ပင်**

# ကွန်ဟိန်းမြို့နယ် ဟောင်လိတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေဖြင့် ဟောင်လိတ်ကျေးရွာ၌ ကျေးလက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဟောင်လိတ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကွန်ဟိန်းမြို့နယ် ဟောင်လိတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၇၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၃၂၈ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# ကိုရီးယားကျွန်းဆွယ် ကမ်းရိုးတန်းရေပြင်အတွင်းသို့ ဒုံးကျည်နှစ်စင်း မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဒီဇင်ဘာ ၁၈**

မြောက်ကိုရီးယား နိုင်ငံသည် ကိုရီးယားကျွန်းဆွယ် အရှေ့ဘက် ကမ်းရိုးတန်း ကမ်းလွန်ပင်လယ် ရေပြင်အတွင်းသို့ ယနေ့တွင် တိုက်ချင်းပစ် ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဒုံးကျည်များသည် ဂျပန်နိုင်ငံ၏ အထူးစီးပွားရေး ရေပြင်ဇုန်အတွင်း ကျရောက်ခဲ့ဖွယ် ရှိကြောင်း ဂျပန်ဒုတိယကာကွယ် ရေးဝန်ကြီး တိုရှိရှိအိနိုကပြောကြား ခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ၏အဆိုအရ မြောက်ကိုရီးယားနိုင်ငံ က ပစ်လွှတ်ခဲ့သော အဆိုပါ တိုက်ချင်းပစ် ဒုံးကျည်များသည် အမြင့်ကီလိုမီတာ ၅၅၀ထိ တက် ရောက်၍ အကွာအဝေး ၂၅၀ ကီလိုမီတာထိ ပျံသန်းခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် တွန်းပင့်အား မြင့်မားသော လောင်စာခဲသုံး ဒုံးအင်ဂျင်သစ် တစ်မျိုးကို စမ်းသပ်ခဲ့ပြီး ရက်ပိုင်း အတွင်းမှာပင် တိုက်ချင်းပစ်ဒုံးကျည် နှစ်စင်းကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ် ခဲ့သည့် လောင်စာခဲသုံး ဒုံးအင်ဂျင် စမ်းသပ်မှုကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နိုင်ငံထိ ရောက်ရှိနိုင် သည့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း အပါအဝင် ဒုံးကျည်စမ်းသပ်မှု အများအပြား ယခုနှစ်အတွင်းစံချိန် တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO

# တူနီးရှား လွှတ်တော်ရွေးကောက်ပွဲ၌ ပါဝင်ဆန္ဒမဲပေးသူ ရာနှုန်းများစွာနည်းပါး

**တူးနစ် ဒီဇင်ဘာ ၁၈**

တူနီးရှားနိုင်ငံ၌ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သောလွှတ်တော် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးသူ ရာနှုန်းမှာ များစွာနည်းပါးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ ခဲ့သည်။

တူနီးရှားလွှတ်တော်ရွေးကောက် ပွဲ၌ ပါဝင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင် ပြည်သူ စုစုပေါင်းအနက် ၈ ဒသမ ၈ ရာခိုင်နှုန်းမျှသာ ပါဝင်မဲပေးခဲ့ ကြကြောင်း သိရသည်။

တူနီးရှား အဓိကအတိုက်အခံ နိုင်ငံရေးပါတီများက ဒီဇင်ဘာ ၁၇ ရက် လွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပြီးနောက် ယင်း ရွေးကောက်ပွဲ၌ ပါဝင်မဲပေးသူ ရာနှုန်းမှာ ၈ ဒသမ ၈ ရာခိုင်နှုန်း သာရှိခဲ့ရခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက်လွှတ်တော် ရွေးကောက်ပွဲကို သမ္မတ ကာအစ် ဆာအိဒ်၏အာဏာ ပိုမိုခိုင်မာရေး အတွက် ရည်ရွယ်လုပ်ဆောင်သော ရွေးကောက်ပွဲဖြစ်ကြောင်း အတိုက် အခံ ပါတီများက ဝေဖန်ထားသည်။

သမ္မတ ကာအစ်ဆာအိဒ်သည် ၂၀၂၁ ခုနှစ်တွင် လွှတ်တော်ကို ဖျက်သိမ်း၍ အမိန့်ဒီကရီများဖြင့် တူနီးရှားနိုင်ငံကို အုပ်ချုပ်ခဲ့သည်။

အဓိက အတိုက်အခံပါတီကြီး များပါဝင်မှုမရှိသော ဒီဇင်ဘာ ၁၇ ရက် တူနီးရှားလွှတ်တော် ရွေး ကောက်ပွဲတွင် အမတ်နေရာ ၁၆၁ နေရာအတွက် အမတ်လောင်း ၁၀၅၈ ဦးယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီး အမတ်လောင်းများမှာ ဦးရေ ၁၂၀ သာပါဝင်ကြောင်း သိရသည်။

KKO



# ယူကရိန်းအထူးစစ်ဆင်ရေးတွင် ပါဝင်နေသည့်တပ်များကို ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိဂူး သွားရောက်စစ်ဆေး



**မော်စကို ဒီဇင်ဘာ ၁၈**

ယူကရိန်းနိုင်ငံ၌ ပြုလုပ်နေ သည့် အထူးစစ်ဆင်ရေးများတွင် ပါဝင်နေသည့် ရုရှားတပ်များကို ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက သွားရောက်စစ်ဆေး ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူး သည် ရုရှားတပ်များဖြန့်ကြက်ထား သည့်နယ်မြေများသို့ သွားရောက် ခဲ့ပြီး ရုရှားတပ်များရယူထားသော နေရာများကို စစ်ဆေးခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန က ယနေ့တွင် သတင်းထုတ်ပြန် ထားသည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ရှေ့တန်းနယ်မြေ ရှိ ရုရှားတပ်ဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း ရုရှားကာကွယ် ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

သို့သော် ရုရှားတပ်များထံ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး သွားရောက်ခဲ့သောအချိန်ကာလကို ရုရှား ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားခြင်းမရှိ သေးကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့်ထိပ်တန်း တပ်မှူးများ တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်ရက်အကြာတွင် ယူကရိန်း စစ်ဆင်ရေးများ၌ ပါဝင်နေသည့် ရုရှားတပ်ဖွဲ့ဝင်များထံ ကာကွယ် ရေးဝန်ကြီး သွားရောက်မှုသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပ တိုက်အတွက် အပြင်းထန်ဆုံးစစ်ရေး ပဋိပက္ခဖြစ်ကြောင်း သိရသည်။

KKO

# ၂၀၂၃ ခုနှစ် အစိုးရအသုံးစရိတ်ဥပဒေကြမ်းကို ဖိလစ်ပိုင်သမ္မတ အတည်ပြုလက်မှတ်ရေးထိုး

**မနီလာ ဒီဇင်ဘာ ၁၈**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့စ်ဂျူနီယာသည် ဒီဇင်ဘာ ၁၆ ရက်တွင် ၂၀၂၃ ခုနှစ် အစိုးရ အသုံးစရိတ်ဥပဒေကြမ်းကို ဥပဒေ အဖြစ် အတည်ပြုလက်မှတ်ရေးထိုး ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



၂၀၂၃ ခုနှစ်အစိုးရအသုံးစရိတ် ဥပဒေသည် ဖိလစ်ပိုင်အစိုးရ အတွက် အသုံးစရိတ်အဖြစ် ပီဆို ငွေ ၅ ဒသမ ၂၇ ထရီလီယံ အမေ ရိကန်ဒေါ်လာ (၉၄ ဒသမ ၇၈) ဘီလီယံထိ စံချိန်တင်သတ်မှတ်ပေး ထားသည်။

အဆိုပါ ၂၀၂၃ ခုနှစ် အစိုးရ အသုံးစရိတ်ဥပဒေသည် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာဦးဆောင် သည့် ဖိလစ်ပိုင်အစိုးရ၏ စီးပွားရေး ရည်မှန်းချက်များကို အထောက် အကူပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် အစိုးရအသုံးစရိတ် ဥပဒေကြမ်းကို ဖိလစ်ပိုင်အောက် လွှတ်တော်နှင့် အထက်လွှတ်တော် နှစ်ရပ်စလုံးက ယခုလအတွင်း အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာ အစိုးရ၏ ၂၀၂၃ ခုနှစ် အစိုးရ အသုံးစရိတ်သည် ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း၏ ၂၂ ဒသမ ၂ရာခိုင်နှုန်း နှင့်ညီမျှပြီး သမ္မတဟောင်း ရိုဒရီဂိုဒူတာတေး ဦးဆောင်သော အစိုးရဟောင်း၏ ၂၀၂၂ ခုနှစ် အစိုးရအသုံးစရိတ်ထက် ငါးရာခိုင် နှုန်းပိုမြင့်မားသည်။

၂၀၂၃ ခုနှစ် အစိုးရအသုံးစရိတ် ဥပဒေသည် သမ္မတတစ်ဦးအတွက် လွှတ်တော်ကပေးသည့် ခရစ္စမတ် လက်ဆောင်မျိုးနှင့် တူကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# ဇာပိုရစ်ဇီယာ နျူကလီးယားစွန့်ပစ်ပစ္စည်း သိုလှောင်ရေးစခန်းအတွက် ဒိုင်းအကာအကွယ် ရုရှားတာဝန်ရှိသူများ တပ်ဆင်

**မော်စကို ဒီဇင်ဘာ ၁၈**

ယူကရိန်း နိုင်ငံတောင်ပိုင်း ဇာပိုရစ်ဇီယာ နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံရှိ သုံးစွဲပြီး နျူကလီးယား စွန့်ပစ်လောင်စာများ သိုလှောင် ထားရာနေရာကို ရုရှားနိုင်ငံက ဒိုင်းအကာအကွယ်တစ်ခု တပ်ဆင် တည်ဆောက် ပေးနေကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

နျူကလီးယားစွန့်ပစ်လောင်စာ များ သိုလှောင်ထားရာ နေရာ အတွက် ဒိုင်းအကာအကွယ်အား အလုပ်သမားများက တပ်ဆင် တည်ဆောက်နေပုံ ဗီဒီယိုဖိုင်အား ရုရှားတာဝန်ရှိသူများက ထုတ်လွှင့် ပြသခဲ့သည်။

နျူကလီးယားလောင်စာစွန့်ပစ် ပစ္စည်းများထည့်သွင်းထားရာထုလုံး ရှည်ဘူးများ၏အထက် အမြင့် ငါးမီတာခန့်အကွာတွင် ရုရှား တာဝန်ရှိသူများက ဒိုင်းအကာ အကွယ်တပ်ဆင်နေခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ အဆိုပါ ဒိုင်းသည် နျူကလီးယားစွန့်ပစ် လောင်စာ ထားရှိရာနေရာကို လက်နက်ကြီးကျည် အစအနများ၊ မောင်းသူမဲ့ လေယာဉ်များပေါ်မှ ပစ်ချမည့် ဖောက်ခွဲရေးပစ္စည်းများ အန္တရာယ်မှ ကာကွယ်ပေးထားနိုင် မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူ များက ပြောကြားခဲ့သည်။

ယူကရိန်း စစ်ရေးပဋိပက္ခကာလ တစ်လျှောက်၌ ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံနယ်မြေ အတွင်း လက်နက်ကြီးကျည်များ ကျရောက်ခဲ့ရာ ရုရှားနှင့်ယူကရိန်း တို့က တစ်ဖက်နှင့်တစ်ဖက် အပြန် အလှန်အပြစ်တင်ခဲ့ကြသည်။

ဥရောပ၏ အကြီးမားဆုံး နျူကလီးယားစွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံဖြစ်သည့် ဇာပို ရစ်ဇီယာကို ရုရှားတပ်များက ယခုနှစ်မတ်လမှစ၍ ထိန်းချုပ်ခဲ့ ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းကို ၁၅ ကြိမ်မြောက်အသုံးပြု၍ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံ တစ်စင်းကို ၁၅ ကြိမ်မြောက်အဖြစ် အသုံးပြု၍ ဒီဇင်ဘာ ၁၇ ရက်က စတားလင့်ခ် အင်တာနက်ဝန် ဆောင်မှုဂြိုဟ်တုများကို လွှတ်တင်ခဲ့ကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က ယနေ့ရေးသား တင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တု ၅၄ စင်း သယ်ဆောင်ထားသည့် အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါ ပြည်နယ် ကနေဒီအာကာသစခန်း မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့် စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်ဟု Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထား ကြောင်း သိရသည်။

အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ၁၅ ကြိမ်မြောက်အဖြစ် လွှတ်တင်နိုင်ခဲ့ သော၊ ၁၅ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက် နိုင်ခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ဒုံးယာဉ်ဖြစ်သည်။

လွှတ်တင်ပြီး ၁၅ ဒသမ ၅ မိနစ်အကြာတွင်မူ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ် အင်တာနက်ဝန် ဆောင်မှုဂြိုဟ်တုများကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင် ခဲ့ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Space-X ကုမ္ပဏီသည် ၎င်း၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင် မှု ဂြိုဟ်တုကွန်ရက်အတွက် လက်ရှိ အချိန်ထိ စတားလင့်ခ် ဂြိုဟ်တု အစင်းပေါင်း ၃၅၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။ KKO

## တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးလကမ္ဘာလေ့လာရေးအာကာသယာဉ် လေးလကြာခရီးနှင်ပြီးနောက် လကမ္ဘာဆီသို့ရောက်ရှိခဲ့ပြီဖြစ်

**ဆိုးလ် ဒီဇင်ဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး လကမ္ဘာလေ့လာရေး အာကာသယာဉ်ဖြစ်သော ဒါနူရီ အမည်ရှိ လလေ့လာရေးအာကာသ ယာဉ်သည် လေးလကြာခရီးနှင်ပြီး နောက် လကမ္ဘာဆီသို့ရောက်ရှိခဲ့ ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

ဒါနူရီ လလေ့လာရေးအာကာ သယာဉ်သည် ဒီဇင်ဘာ ၁၇ ရက် တွင် လပတ်လမ်းအတွင်း စတင် ဝင်ရောက်နေပြီဖြစ်ကြောင်း တောင် ကိုရီးယား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ဒါနူရီ လလေ့လာရေးအာကာ သယာဉ်သည် လကမ္ဘာစူးစမ်းလေ့ လာရေးလုပ်ငန်းများ စတင်နိုင်ရေး အတွက် ဒီဇင်ဘာ ၂၈ ရက်ထိ ဒုံးကန်အားစနစ်များအကူအညီဖြင့် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှု ငါးကြိမ် ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယား အာကာသအေ ဂျင်စီ၏ အဆိုအရ သိရသည်။



တောင်ကိုရီးယား အာကာသ အေဂျင်စီသည် ဒါနူရီလလေ့လာ ရေး အာကာသယာဉ်ကို ယခုနှစ် ဩဂုတ် ၄ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် လဆီသို့ရောက်ရှိရေးအတွက် ခရီး မိုင်ပေါင်း ၃ ဒသမ ၃ သန်းထိ ပျံသန်းခဲ့ရသည်။

တောင်ကိုရီးယား အာကာသ အေဂျင်စီ၏အဆိုအရ ဒါနူရီ လ လေ့လာရေး အာကာသယာဉ် သည် လမျက်နှာပြင်အထက် မိုင် ၆၀ တွင်ရှိသည့် လပတ်လမ်း အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ KKO

## ကတ်ပလာအာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိခဲ့သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်နှစ်စင်း ရေဓာတ်အများစုဖြင့်ဖွဲ့စည်းထားသော ရေကမ္ဘာများဖြစ်နိုင်

**အော့တဝါ ဒီဇင်ဘာ ၁၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကတ်ပလာအာကာသရေဒီယိုတယ် လီစကုပ်က ရှာဖွေတွေ့ရှိခဲ့သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်နှစ်စင်း သည် ရေဓာတ်အများစုဖြင့်ဖွဲ့စည်း ထားသော ရေကမ္ဘာများဖြစ်နိုင် ကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၇ ရက် က ရေးသားတင်ပြထားသည်။

ကတ်ပလာ-၁၃၈ စီနှင့် ကတ် ပလာ-၁၃၈ ဒီအမည်ရှိ အဆိုပါ ဂြိုဟ်နှစ်စင်းသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၁၈ နှစ်အကွာရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ် နေသော ဂြိုဟ်များဖြစ်ကြသည်။

အဆိုပါဂြိုဟ်နှစ်စင်းကို ကနေ ဒါ သိပ္ပံပညာရှင်များက နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ် လီစကုပ်၊ စပစ်ဆာအာကာသ ရေဒီ ယိုတယ်လီစကုပ်တို့ဖြင့် ထပ်မံ လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါဂြိုဟ်နှစ်စင်းမှာ ရေဓာတ် အများစုဖြင့် ဖွဲ့စည်းထားသော ဂြိုဟ်များဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ရေ ဓာတ်အများစုဖြင့် ဖွဲ့စည်းထား သောရေကမ္ဘာများ နဂါးငွေ့တန်း ကြယ်စုအတွင်း၌ တည်ရှိနေနိုင် ကြောင်း သိပ္ပံပညာရှင်များက ယခင်ကပင် သီအိုရီသဘောအရ လက်ခံထားပြီး ကတ်ပလာ-၁၃၈ စီနှင့် ကတ်ပလာ-၁၃၈ ဒီ ဂြိုဟ်များ ကို ယခုအခါ မစ်ရှင်မှ အနားယူ သွားပြီဖြစ်သော ကတ်ပလာအာ ကာသ ရေဒီယိုတယ်လီစကုပ်က ၂၀၁၄ ခုနှစ်တွင် ရှာဖွေတွေ့ရှိ ခဲ့ခြင်းဖြစ်သည်။ KKO

# HEALTH

## စမ်းသပ်ဆဲခုခံအားစနစ် ကုထုံးသစ်တစ်မျိုးက ရိုးတွင်းခြင်ဆီကင်ဆာကုသရာတွင် ထိရောက်မှုရှိနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၈**

စမ်းသပ်ဆဲခုခံအားစနစ်ကုထုံး သစ်တစ်မျိုးသည် Multiple Myeloma ခေါ် ရိုးတွင်းခြင်ဆီကင်ဆာ ရောဂါတစ်မျိုးကိုကုသရာတွင် ထိ ရောက်မှုရှိနိုင်ကြောင်း Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၇ ရက် က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တစ်ချိုကင် ဆာအင်စတီကျူမှသုတေသနပညာ ရှင်များ ဦးဆောင်၍ ကမ္ဘာ တစ်ဝန်းပြုလုပ်ခဲ့သည့် လက်တွေ့ စမ်းသပ်မှုများအတွင်း Talquetamab အမည်ရှိ အဆိုပါဆေးကို လူနာလေးဦးလျှင် သုံးဦးခန့်က တုံ့ပြန်မှုရှိခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုတွင်ပါဝင်သော လူ နာ ၃၀၀ ခန့်အနက် ၃၀ ရာခိုင် နှုန်းကျော်မှာ Talquetamab ကုထုံးရယူပြီးနောက် ကင်ဆာဆဲလ် များ ရှင်းလင်းသွားသည့်အခြေ အနေရှိပြီး ကုထုံးကိုကောင်းစွာ တုံ့ပြန်နိုင်သူ လူနာရာခိုင်နှုန်းမှာ ၆၀ ရာခိုင်နှုန်းထိရှိကြောင်း သုတေ သနပညာရှင်များက ပြောကြားသည်။

Talquetamab ကုထုံးသည် ရိုးတွင်းခြင်ဆီ ကင်ဆာဆဲလ်များ ကို တိုက်ခိုက်ဖျက်ဆီးရေးအတွက် သွေးဖြူဆဲလ်များကို ညွှန်ကြားစေ ဆော်ပေးသည့် ခုခံအားစနစ်ကုထုံး ဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုတွင် ပါဝင်သည့် လူနာများမှာ အနည်းဆုံးအခြား ကင်ဆာကုထုံး သုံးမျိုးထိ ရယူထား သော်လည်း ရောဂါပြန်ပေါ်နေ သည့် ရိုးတွင်းခြင်ဆီကင်ဆာလူနာ များဖြစ်ပြီး စမ်းသပ်မှုအတွင်း အဆို ပါလူနာများသည် Talquetamab ကုထုံးကို ရယူပြီးတစ်လမပြည့်မီမှာ ပင် ပြန်လည်တုံ့ပြန်ခဲ့ကြကြောင်း သုတေသနပညာရှင်များ၏ အဆို အရ သိရသည်။

KKO

## ကိုဗစ်ဖြစ်ပွားစဉ် အနံ့ သို့မဟုတ် အရသာပျောက်ဆုံးမှုက ခုခံအားစနစ်တုံ့ပြန်မှုပြင်းထန်ခြင်း၏ လက္ခဏာဖြစ်နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၈**

ကိုဗစ်ရောဂါဖြစ်ပွားစဉ် အနံ့ အာရုံ သို့မဟုတ် အရသာအာရုံ ပျောက်ဆုံးမှုသည် ခုခံအားစနစ် တုံ့ပြန်မှုပြင်းထန်ခြင်း၏ လက္ခဏာ ဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ သုတေသနပညာရှင် များ၏အဆိုအရ အနံ့အာရုံ ပျောက်ဆုံးမှု (Anosmia) နှင့် အရသာအာရုံ ပျောက်ဆုံးမှု (Agueisia) ပြဿနာများရှိနေ သည့် ကိုဗစ်လူနာများတွင် ရောဂါ ကူးစက်ခံရပြီးနောက် ဗိုင်းရပ်ဆန့် ကျင်ရေးပဋိပစ္စည်းများ ပေါ်ထွက် မှုအဆင့် ပိုမိုမြင့်မား နေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် ကိုဗစ်လူနာ ၃၀၆ ဦး တို့၏ ပဋိပစ္စည်းထွက်ပေါ်မှုအဆင့် ကို တိုင်းတာလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ ကိုဗစ်ရောဂါဖြစ်ပွားစဉ် အနံ့ အာရုံ သို့မဟုတ် အရသာအာရုံ ပျောက်ဆုံးခဲ့သူများ၌ ပဋိပစ္စည်း ထွက်ပေါ်မှုအဆင့် မြင့်မားနိုင်ခြေ သည် အထက်ပါရောဂါလက္ခဏာ နှစ်မျိုး မရှိသူလူနာများထက် နှစ်ဆ ပို၍ မြင့်မားနေကြောင်း သုတေ သနပညာရှင်များက ပြောကြားသည်။

အဆိုပါ ပဋိပစ္စည်းများသည် ခုခံအားစနစ် တုံ့ပြန်မှုကိုမြှင့်တင် ပေးတတ်ရာ အနံ့အာရုံပျောက်ဆုံး မှု သို့မဟုတ် အရသာအာရုံပျောက် ဆုံးမှုများသည် ခုခံအားစနစ်တုံ့ပြန် မှုပြင်းထန်ခြင်း၏ လက္ခဏာများဖြစ် နိုင်ကြောင်း သုတေသနပညာရှင် များက သုံးသပ်ထားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# RTÉ Sport Sportsperson of the Year ဆုကို ကေတီတေလာ ဆွတ်ခူး

**ဒပ်ဘ်လင် ဒီဇင်ဘာ ၁၈**

အိုင်ယာလန်အမျိုးသားပြည်သူ့ဝန်ဆောင်မှုမီဒီယာ RTE က ချီးမြှင့်သောRTÉ Sport Sportsperson of the Year ဆုကို အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာက ဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBA၊ WBC၊ IBF၊ WBO အမျိုးသမီးလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကေတီတေလာသည် RTÉ Sport Sportsperson of the Year ဆုကို တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရိုင်းကို ကျော်ဖြတ်ကာ အဆိုပါဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် ၂၀၂၂ ခုနှစ်အတွင်း အမျိုးသမီးလိုက်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင်အောင်မြင်စွာကာကွယ်နိုင်ခဲ့သူဖြစ်ပြီး ကမ္ဘာ့အမျိုးသမီး လက်ဝှေ့လောက၏ အအောင်မြင်ဆုံး လက်ဝှေ့မယ်အဖြစ်ရပ်တည်လျက်ရှိသည်။

RTÉ Young Sport Sportsperson of the Year ဆုကို အိုင်ယာလန်အပြေးမယ် ရာစီဒက်က ဆွတ်ခူးခဲ့ပြီး ၎င်းသည် ၂၀၂၂ ခုနှစ်အတွင်း ဂျာမနီနိုင်ငံ မြူနစ်မြို့တွင် ကျင်းပခဲ့သော European Championship မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် စိန်ယာတန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆင့် ၅ နေရာတွင် ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

RTE Manager of the Year ဆုကို အိုင်ယာလန်အမျိုးသမီးဘောလုံးအသင်းနည်းပြ ဗီရာပေါက ဆွတ်ခူးခဲ့ပြီး ဗီရာပေါသည် အိုင်ယာလန် အမျိုးသမီးဘောလုံးအသင်းကို သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ် အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့တွင် ကျင်းပမည့် 2023 FIFA Women's World Cup ဘောလုံးပြိုင်ပွဲအတွက် စကော့တလန် အသင်းကို တစ်ဂိုး ဂိုးမရှိရလဒ်ဖြင့် အနိုင်ရရှိအောင် ဦးဆောင်ပေးနိုင်ခဲ့ပြီး အိုင်ယာလန် အမျိုးသမီးဘောလုံးအသင်းကိုလည်း ပထမဦးဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

RTE Team of the Year ဆုကို အိုင်ယာလန် နှစ်ယောက်တွဲလှေလှော်ချန်ပီယံဖြစ်သည့် ပေါလ်အိုဒိုနိုဗန်နှင့် ဖင်တန်မက္ကာသီတို့အတွဲက ဆွတ်ခူးခဲ့ကြောင်း သိရသည်။ AZL



# မော်ရိုကိုအသင်းကို အနိုင်ယူ၍ ခရိုအေးရှားအသင်း ကမ္ဘာ့ဖလားတတိယဆု ဆွတ်ခူး




**ဇော်ဂ်ရက် ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ဖလား တတိယနေရာလုပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းနှင့် မော်ရိုကိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ခရိုအေးရှားအသင်းက မော်ရိုကိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် တတိယဆု ဆွတ်ခူးခဲ့ကြောင်း ESPN.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခရိုအေးရှားအသင်းသည် ပွဲအစကတည်းက မော်ရိုကိုအသင်းကို ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ခုနစ်မိနစ်အရောက်တွင် ခံစစ်ကစားသမား ဂါဗာဒီယို၏ ခေါင်းတိုက်သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သောကြောင့် မော်ရိုကိုအသင်းက ပြန်လည်ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ ပွဲချိန်ကိုးမိနစ်တွင် ခံစစ်ကစားသမား ဒါရီက မော်ရိုကိုအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ရာ ပွဲကစားချိန် ၄၂ မိနစ်အရောက်တွင် ခရိုအေးရှား တိုက်စစ်မှူး အော်ဆစ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ခရိုအေးရှားအသင်းက မော်ရိုကိုအသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ခရိုအေးရှားအသင်းသည် ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲထိတက်ရောက်၍ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ဒုတိယဆုသာ ရရှိခဲ့သော်လည်း ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားခဲ့ရသော်လည်း မော်ရိုကိုအသင်းကို အနိုင်ယူ၍ တတိယဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၉ ရက်ထိကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Squash အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့်ဖူဆယ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားခဲ့ပြီးနောက် အုပ်စုမဲနှိုက်ခြင်းများ၊ ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၃၅ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ် ငါးသိန်းနှုန်းဖြင့် ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်ထိ ပြိုင်ပွဲဝင်အသင်း ၂၇ သင်းဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ပြိုင်ပွဲရုံတွင် လည်းကောင်း၊ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၂၂သင်းဖြင့် ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်ပြိုင်ပွဲရုံတို့တွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ဆီဗီလာအသင်းက ဂိုးသမားဘိုနိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆ သန်း သတ်မှတ်

**မက်ဒရစ် ဒီဇင်ဘာ ၁၈**

ဆီဗီလာအသင်းက လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကို အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြခဲ့သည့် ၎င်းတို့အသင်းမှ ဂိုးသမား ဘိုနိုကို ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် စောင့်ကြည့်လာခဲ့သည့်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းရရှိမှသာ လက်လွှတ်မည်ဟု ကြေညာခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ ဘိုနိုသည် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ရာတွင် ၎င်း၏ လက်စွမ်းပြသမှုများက အဓိကနေရာ၌ ပါဝင်ခဲ့ပြီးနောက် လက်ရှိတွင် ဥရောပထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့က လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက ၎င်းတို့အသင်းအဓိကဂိုးသမား နွေအာကို ဒဏ်ရာကြောင့် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်ထိ လက်လွှတ်ရမည်ဖြစ်သည့်အတွက် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် နွေအာ၏နေရာ၌ အစားထိုးရန် ဂိုးသမားတစ်ဦးရှာဖွေနေပြီး လက်ရှိတွင် ဘိုနိုနှင့်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။



အလားတူ မန်ယူအသင်းက လည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ အဓိကဂိုးသမား ဒီဂီယာနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ဒီဂီယာသည် နည်းပြ တန်ဟက်စိတ်ကြိုက် ဂိုးသမား မဟုတ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားဖွယ်ရှိနေသည့်အတွက် ဘိုနိုနှင့် အစားထိုးလိုနေခြင်းဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- ယူရို ၂၀၂၄ ချန်ပီယံဆုဖလားရရှိရန် အာရုံစိုက်ထားသောကြောင့် နည်းပြဆောက်ဂိတ်အနေဖြင့် ၂၀၂၄ ခုနှစ်ထိ အင်္ဂလန်အသင်းတွင် ဆက်ရှိမည်ဖြစ်ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ ဒဏ်ရာအခြေအနေမှာ တိုးတက်မှုနည်းပါးနေသောကြောင့် မည်သည့်အချိန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ကို မသိရသေးကြောင်း နည်းပြ အယ်လီဂရီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းက လိုက်ပ်ဇစ်တိုက်စစ်မှူး အန်ကူကူကို လာမည့်နွေရာသီတွင် ခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း အသင်းမှတိုက်စစ်မှူး ဘာရိဂျာဒဏ်ရာရရှိခဲ့သဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် အသင်းပိုင်ရှင် တော့ဘိုလီက ကြိုးပမ်းလျက်ရှိသည်။ ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဘီ)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ အမျိုးသမီးပွဲစဉ်များတွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းက ပညာရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသားပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ STA

# ဂျူဗင်တပ်အသင်းနှင့် ခြေစမ်းပွဲစဉ်တွင် အာဆင်နယ်တိုက်စစ်မှူး နယ်လ်ဆန် ဒဏ်ရာရရှိ

**လန်ဒန် ဒီဇင်ဘာ ၁၈**

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၇ ရက်က အမ်းမရိတ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ဂျူဗင်တပ်အသင်းတို့၏ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်၌ တိုက်စစ်မှူး နယ်လ်ဆန် ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် နယ်လ်ဆန်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ အသင်းအတွက် ခြေစွမ်းပြသ၍ ဦးဆောင်ဂိုး ရရှိရန် အခွင့်အရေးများ ရရှိခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၂၀ တွင် ဒဏ်ရာပြဿနာကြောင့် အသင်းဖော်ကစားသမားမာကွင်ဟိုနှင့်လူစားလဲခဲ့ရပြီး ၎င်း၏ဒဏ်ရာအခြေအနေမှာ ပြင်းထန်သဖြင့် အချိန်ကာလတစ်ခုထိ အနားယူရမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာက ပြောကြားခဲ့သည်။

အာတီတာက "နယ်လ်ဆန် ဒဏ်ရာရသွားတာဟာ အသင်းအတွက် သတင်းကောင်းမဟုတ်ပါဘူး။ သူဟာ တစ်ဦးချင်းစွမ်းရည်နဲ့ လျင်မြန်တဲ့ ကစားသမားတစ်ဦးဖြစ်လို့ အသင်းအတွက် အထောက်အကူအများကြီးရပါတယ်။ သူရဲ့ ဒဏ်ရာနဲ့ ပတ်သက်လို့ အခုချိန်မှာ အတိအကျပြောလို့ မရသေးပါဘူး။ သေချာတာကတော့ အချိန်ကာလတစ်ခုထိ အနားယူရမှာပါ။ ဒါပေမဲ့ လာမဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ကစားသမားခေါ်မဲ့ အစီအစဉ်ကိုတော့ ပြောင်းလဲမှာမဟုတ်ပါဘူး" ဟု ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ ML

# အမ်မာရာဒူကာနူက နည်းပြသစ်အဖြစ် ဆီဘက်စတီယန်ကို ခန့်အပ်



**လန်ဒန် ဒီဇင်ဘာ ၁၈**

ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူသည် ဆီဘက်စတီယန်ကို နည်းပြသစ်အဖြစ် ရာသီကုန်ထိ ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု RNZ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူ အနေဖြင့် နည်းပြအပြောင်းအလဲ မကြာခဏပြုလုပ်နေပြီး ပြီးခဲ့သည့် ၁၈ လတာကာလအတွင်း နည်းပြအပြောင်းအလဲ ငါးကြိမ်ထိပြုလုပ်ခဲ့သည်။

အမ်မာရာဒူကာနူသည် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၆ ရက်က ဒူဘိုင်းတွင်ကျင်းပခဲ့သည့် Mubadala World Tennis Championship တင်းနစ်ပြိုင်ပွဲတွင် တူနီးရှားတင်းနစ်မယ် အွန်ဂျက်ဘာအား ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

အသက် ၃၀ နှစ်ရှိ ဆီဘက်စတီယန်သည် ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘန်ဆစ်ကို ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုဆွတ်ခူးအောင် ဦးဆောင်ပေးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ဟောင်း တစ်ဦးဖြစ်သူ အဇာရင်ခါ၏နည်းပြအဖွဲ့ဝင်အဖြစ်လည်း တာဝန်ယူပေးခဲ့ဖူးသူဖြစ်သည်။

အမ်မာရာဒူကာနူသည် ၂၀၂၁ ခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရသလို ပုံစံကောင်း ပျောက်ဆုံးနေသည့်အတွက်ကြောင့်လည်း နည်းပြအပြောင်းအလဲ မကြာခဏပြုလုပ်လာခြင်းဖြစ်သည်။

ပုံစံကောင်း ပျောက်ဆုံးနေသည့် အမ်မာရာဒူကာနူသည် လက်ရှိ ကမ္ဘာ့အဆင့် ရပ်တည်ချက်မှာ အဆင့် ၇၆ ထိ ရောက်ရှိနေသည့်အတွက် ရလဒ်ကောင်းမွန်လာစေရန် ဆီဘက်စတီယန်အား နည်းပြအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။ AZL

# ချဲလ်ဆီးအသင်းက ဂါဗာဒီယိုကို စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် အသင့်ရှိကြောင်း ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၁၈**

ချဲလ်ဆီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ဂါဗာဒီယိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်ဟု Daily Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဂါဗာဒီယိုသည် လိုက်ပ်ဇစ်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းအနေဖြင့်လည်း ၎င်းတို့ကစားသမားကို လာမည့် နွေရာသီအပြောင်းအရွှေ့ကာလမှသာ ရောင်းချရန် အစီအစဉ်ရှိသော်လည်း ချဲလ်ဆီးအသင်းက ကစားသမား၏အရေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးခဲ့ကာ လိုက်ပ်ဇစ်အသင်းက အလိုရှိနေသည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းအပြင် ကစားသမားအတွက် အပိုဆုကြေးပါဝင်သည့် ကမ်းလှမ်းမှုဖြင့် သုံးနှစ်ခွဲစာချုပ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၂၀ ရှိ ခံစစ်ကစားသမား ဂါဗာဒီယိုကို စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေသော်လည်း လာမည့်နွေရာသီမှသာ ခေါ်ယူရန် ဆုံးဖြတ်ထားသောကြောင့် ချဲလ်ဆီးအသင်းက လက်ဦးမှု ရယူနိုင်ရန်အတွက် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါဗာဒီယိုသည် ၂၀၂၁ ခုနှစ်က ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းမှ လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့ကာ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းအား တတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML



# PNC Championship ပြိုင်ပွဲအမှတ်ပေးဇယားကို မိုက်သောမတ်စ်နှင့် ဂျက်စတင်သောမတ်စ်တို့အတွဲက ဦးဆောင်

**ဖလော်ရီဒါ ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အောလန်ဒိုတွင်ကျင်းပနေသည့် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မိုက်သောမတ်စ်နှင့်ဂျက်စတင်သောမတ်စ်တို့အတွဲက သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက် လောကမှ နာမည်ကြီး ကစားသမားများ သားအဖအတွဲလိုက်ယှဉ်ပြိုင်ရသည့် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်စဉ်နှစ်တိုင်း ရာသီကုန်ခါနီးတွင် ကျင်းပပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

မိုက်သောမတ်စ်နှင့် ဂျက်စတင်သောမတ်စ်အတွဲက ပထမနေ့တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သလို အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်ကလည်း သားဖြစ်သူ ချာလီဝုဒ်နှင့်အတူ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်စီလျှော့ရိုက်ကာ ဖီဂျီဂေါက်သီးရိုက်ကစားသမား ဗီဂျေးဆင်းဟ်၊ သားဖြစ်သူ ကွက်စ်ဆင်းဟ်တို့နှင့်အတူအမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်နေသည်။


အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပရိသတ်များ စိတ်ဝင်စားမှုအမြင့်မားဆုံးဖြစ်နေသည့် တိုက်ဂါးဝုဒ်နှင့် ချာလီဝုဒ်တို့အတွဲသည် ကျင်းနံပါတ် ၁၃ နှင့် ကျင်းနံပါတ် ၁၄ တို့တွင် Birdies ရိုက်ချက်များ ရယူနိုင်ခဲ့ပြီး ချာလီဝုဒ်သည်လည်း ဖခင်ဖြစ်သူ၏ခြေရာကိုနင်းနိုင်မည့် လက်စွမ်းမျိုးပြသနိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်က "ပထမနေ့အစောပိုင်းမှာ ကျွန်တော်တို့ ကောင်းကောင်း မကစားနိုင်ခဲ့ဘူး။ အစမကောင်းခဲ့ပေမဲ့လဲ တဖြည်းဖြည်းနဲ့ ရလဒ်ကောင်းလာခဲ့တယ်။ Birdies လဲရခဲ့တယ်။ နောက်ပိုင်းကျင်းတွေမှာရလဒ်တွေ တိုးတက်လာခဲ့တယ်။ မနှစ်တုန်းကလိုပဲ အစမကောင်းခဲ့ပေမဲ့လဲ နောက်ပိုင်းရလဒ်တွေ တောက်လျှောက်ကောင်းလာတယ်။ ရလာတဲ့အခွင့်အရေးတိုင်းကို အကောင်းဆုံး အသုံးချနိုင်အောင် အာရုံစိုက်နေတယ်။ အဓိကကတော့ Fairways ထဲ ပုံမှန်ရောက်အောင်ရိုက်နိုင်ဖို့ အာရုံစိုက်နေတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပုညကုသလ ဗုဒ္ဓဂယာ မြေမြတ်မဟာခရီး (၃)

မင်းယဉ်စု



ကပိလဝတ်ရှိ ဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီသာဓမော အင်ကြင်းတောကို တွေ့ရစဉ်။

ဗုဒ္ဓဂယာဘုရားဖူးခရီး၏ ခြောက်ရက်မြောက်ဖြစ်သော ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက် (သောကြာနေ့)သို့ ရောက်ပါပြီ။ နံနက် ၅ နာရီ ၄၅ မိနစ်တွင် "ဒေလီ"မှ "သာဝတ္ထိ"သို့ ခရီးစတင်ထွက်ခွာခဲ့ပါ၏။ အလွန်ရှည်ကြာသော မာရသွန်ခရီးဖြစ်သည်။ အင်မတန်အေးသော လေအိတ်ကားကြီးပေါ်တွင် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲအောင် စီးခဲ့ရသည်။

ကားစထွက်သည်နှင့် "ရွှေမဟာ"ခေါင်းဆောင်ဒေါ်ကြည်ကြည်မြင့်က ဘုရားရှိခိုးစာအုပ်များကို သူတပည့်များအား လိုက်လံဝေခိုင်းတော့သည်။ သူသည် ဘုရားရှိခိုးနည်းအမျိုးမျိုးကို အစကတည်းကစုံနေအောင် စီစဉ်ထားခဲ့ဟန်တူ၏။ ပရိတ်တော်အမျိုးမျိုး၊ ပဋ္ဌာန်း၊ ဓာတ်တော်မွေတော်ရှိခိုးနည်း၊ မေတ္တာပို့အမျှဝေ စသည်ဖြင့် အလွန်ပင်စုံလင်လှပါပေ၏။ ကားစထွက်သည်နှင့် "မိုက်"ကိုကိုင်ကာ "ရွှေမဟာဘုရားဖူးအဖွဲ့ဝင် သူတော်စင်များရှင်"ဟုအစချီပြီး အမျိုးမျိုးအဖုံဖုံ စုံနေအောင် ဘုရားရှိခိုးခြင်းအမှုကို ပြုကြရပါသည်။ ဘုရားရှိခိုးပျင်းသော ကျွန်တော်သည် ပထမဦး အလျဉ်မီအောင် လိုက်ဆိုနိုင်သော်လည်း တစ်အောင့်အကြာတွင်မူ အိပ်ပျော်သွားသည်က များပါသည်။

ကျွန်တော့်အနားတွင် ဘုရားဖူးအတူလိုက်ပါလာသော အငြိမ်းစားရဲမှူးကြီးများရှိ၏။ ကျွန်တော်က လှမ်းနောက်သည်။

"ခင်ဗျားတို့ ရန်ကုန်ရောက်တာနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်း ကောင်းကောင်းရှာထား"

သူတို့က ပြန်မေးသည် "ဘာအတွက်လဲ"

ကျွန်တော်က ပြန်ဖြေပြသည်။

"သည်လောက် ရွတ်ဖတ်သရဇ္ဈာယ်နေရတာ ရန်ကုန်ပြန်ရောက်ရင် ကောင်းကောင်းသင်္ကန်းဆီးလို့ရပြီ။ တစ်ခါတည်း ဘုန်းကြီးတန်းဝတ်လိုက်ရအောင်"

သူတို့နှင့်အတူပါလာသော ဇနီးသည်များက ဝိုင်းပြောကြသည်။

"ကျွန်မတို့ကတော့ သဘောမတူနိုင်ပေါင်ရှင်"

ဤသို့ဖြင့် ကားပေါ်တွင်ပင် နေ့လယ်စာ စားကြသည်။ ယခင်က "ရွှေမဟာ"ဘုရားဖူးခရီးစဉ်ဇယားတွင် ဘယ်ဘုန်းကြီးကျောင်းတွင် နံနက်စာ စားမည်။ ဘယ်ကျောင်းတွင် ညစာ စားမည်။ လမ်းပေါ်တွင် နေ့လယ်စာ စားမည် စသည်ဖြင့်ပါရှိရာ "လမ်းပေါ်တွင်"ဆိုရာ၌ လမ်းဘေးအိန္ဒိယထမင်းဆိုင်တစ်ဆိုင်ဆိုင်တွင် စားရမည်ဟု မူလက မှတ်ထင်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယအစားအစာကြိုက်သော ကျွန်တော့်စိတ်ထဲက "ဒံပေါက်ကို မှာစားမည်၊ ထောပတ်ထမင်း မှာစားမည်"ဟု ကြုံးဝါးပြီး အားခဲထားရာ ဘယ်ဟုတ်လိုက်မလဲဗျာ။ "လမ်းပေါ်မှာ"ဆိုတာ လမ်းဘေးမှာကားရပ်ပြီး မူလကတည်းက ကြိုတင်ချက်ပြုတ်ထားတဲ့ ထမင်းဟင်းတွေကို ချကျွေးတော့တာကိုး။

အေးလေ ဒါပေမဲ့လဲ အဲ. . . ပေါ့ ခင်ဗျာ။ စားလို့တော့ ကောင်းပါတယ်။ သင်တန်းကျောင်းတွေမှာသုံးတဲ့ စတီးပုံစံခွက်ထဲကို ထမင်းထည့်၊ ဟင်းထည့်ပြီး ပုံကျွေးတာကိုး။ ဟင်းတွေစီစဉ်တာက မထပ်စေရပါဘူး။ ကြက်သားဟင်း၊ ပုစွန်ဟင်း၊ ငါးဟင်း တစ်လှည့်စီ။ ဝက်သားဟင်းနဲ့ဆိတ်သားဟင်း မပါတာကတော့ ဆိုးတာပေါ့။ အောင်မယ် လက်ဖက်သုပ်နဲ့ ငါးရံ့ခြောက်ဆီဆမ်းထားတာတောင် ပါသေး။ စားလို့တော့ မဆိုးပါဘူး။ ခရမ်းချဉ်သီး ငါးပိချက်ကတော့ အမြဲတမ်းလိုလိုပါတယ်။ စားလို့လဲမြိန်ပါတယ်။

မွန်းလွဲပိုင်း "ဂင်္ဂါ" မြစ်ကြီးကိုဖြတ်၏။ အိန္ဒိယတွင် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ ဟူ၍ ထင်ရှားသောမြစ်ကြီးငါးသွယ်ရှိရာ "ဂင်္ဂါမြစ်"မှာ ကျွန်တော်တို့မြန်မာနိုင်ငံမှ "ဧရာဝတီ" မြစ်ကြီးနှင့် အလွန်တူ၏။ မြန်မာနိုင်ငံတွင် ဘယ်နေရာသွားသွား ဧရာဝတီမြစ်ကို တွေ့ရတတ်သလို အိန္ဒိယနိုင်ငံတွင်လည်း ဘယ်နေရာသွားသွား "ဂင်္ဂါ" မြစ်ကို တွေ့ရသည်။

မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဥတ္တရာပရာဒတ်ချ်ပြည်နယ် (UP) ၏မြို့တော်ဖြစ်သော "Luck Now" မြို့ကိုဖြတ်ကျော်ပြီး ည ၆ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုမည့် သာဝတ္ထိမြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့သည်။ ခဏနား၊ ညစာ စား၊ ဆရာတော်အားကန်တော့ကာ အလှူငွေများ လှူဒါန်းပြီး ညအိပ်ရပ်နားခဲ့သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက် (စနေနေ့)တွင် နံနက် ၆ နာရီမှစ၍ ဘုရားဖူးခရီး စပါပြီ။ လိုအပ်သလို လိုက်လံရှင်းပြမည့် Guide ဘုန်းကြီးလည်း အတူလိုက်ပါလာ၏။

"သာဝတ္ထိ"သည် ဗုဒ္ဓလက်ထက်တော်က "ကောသလတိုင်း" ၏ မြို့တော်ဖြစ်ခဲ့ပြီး "အစိရဝတီမြစ်" ကမ်းပါး၌ တည်ရှိသည်။ "သဗ္ဗအတ္ထိ"မှ "သာဝတ္ထိ" ဟု ပြောင်းလဲလာကြောင်းအဆိုရှိပြီး "အလုံးစုံရှိသောမြို့" ဟု ခေါ်ဆိုနိုင်သည်။ "ပသေနဒီကောသလမင်းကြီး" အုပ်ချုပ်ခဲ့ပြီး ဘုရားရှင်ကိုယ်တော်တိုင် နှစ်ခြိုက်ပျော်မွေ့၍ ဒုတိယဗောဓိခေါ် ဝါတော် ၂၀ မှစ၍ ၄၅ ဝါထိ ၂၅ ဝါ ကာလပတ်လုံး သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ "အနာထပိဏ်"ခေါ် "သုဒတ္တ" သူဌေးက ကောသလမင်းကြီး၏သား "ဇေတ" မင်းသား၏ ဥယျာဉ်တော်ကို ရွှေဒင်္ဂါးအပြည့်ခင်း၍ ၁၈ ကုဋေဖြင့် ဝယ်ယူခဲ့ပြီး ၁၈ ကုဋေအကုန်အကျခံ၍ ကျောင်းဆောက်လုပ်ခဲ့သည်။ ကျောင်းလှူပွဲမှာ ၁၈ ကုဋေဖြစ်သဖြင့် စုစုပေါင်း ၅၄ ကုဋေကုန်ကျကာ "ဇေတဝန်" ကျောင်းဟူ၍ ထင်ရှားသည်။ (ဇေတဝန်ဆိုသည်မှာ "ဇေတဝန"မှလာသည်။ ဇေတ - ဇေတမင်းသား၊ ဝန - တောဥယျာဉ်။ ဇေတမင်းသား၏ တောဥယျာဉ်ကျောင်း)

ဇေတဝန်ကျောင်းတော်ရှိရာ ဂန္ဓကုဋိကျောင်းတော်ရှေ့၌ ဘုရားရှင်ဆွမ်းခံရာမှအပြန် အမြဲတမ်းခြေဆေးသော ရေတွင်းတစ်တွင်းကိုလည်း ယခုထိရှိသေးကြောင်း တွေ့ရသည်။ လက်နှိပ်တုံကင်တပ်ပေးထားပြီး သစ်ရွက်များ၊ အမှိုက်များမကျစေရန် အဖုံးကိုပိတ်ထားကြောင်း တွေ့ရသည်။

ထို့ပြင် ဝိသာခါသူဌေးမ ဆောက်လုပ်လှူဒါန်းခဲ့သော "ပုဗ္ဗာရုံ"ကျောင်းလည်းရှိသည်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့သည် ထိုကျောင်းတော်ရာများကို လှည့်လည်ကြည့်ရှုပြီး ဆက်လက်၍ အင်္ဂုလိမာလစေတီ၊ ဒေဝဒတ်နှင့် စိဥ္စမာနတို့ မြေမျိုသောနေရာ၊ အာနန္ဒာဗောဓိ စသည့်နေရာများကို လေ့လာဖူးမြော်ကာ "သရက်ဖြူကုန်း"သို့ ရောက်ခဲ့သည်။

မြတ်စွာဘုရားသည် တိတ္ထိတို့အား အဆိုပါ "သရက်ဖြူကုန်း"တွင် တန်ခိုးတော်ပြ၍ နှိမ်နင်းတော်မူခဲ့ပြီးနောက် အဘိဓမ္မာတရားဟောကြားရန် တာဝတိံသာနတ်ပြည်သို့ နှစ်လမ်း သုံးဖဝါးဖြင့် ကြွတော်မူခဲ့သည်။ ၎င်းနေရာတွင် သီရိဓမ္မာသောကမင်းကြီးက စေတီတစ်ဆူ တည်ထားခဲ့သည်။ ကျွန်တော်တို့သည် "သာဝတ္ထိ"မှ နံနက် ၉ နာရီ ၁၀ မိနစ်တွင် နီပေါသို့ စတင်ထွက်ခွာခဲ့၏။ သံဝေဇနိယ လေးဌာနအနက် တစ်ဌာနဖြစ်သော ဘုရားရှင်ဖွားတော်မူရာ "လုမ္ဗိနီ" ဥယျာဉ်သို့ သွားရောက်ရန် ဖြစ်သည်။

ဤနေရာ၌ စာရှုသူများကို "သံဝေဇနိယ"လေးဌာနနှင့် "အဝိဇဟိတ" လေးဌာနအကြောင်းကို အလျဉ်းသင့်သဖြင့် ရှင်းပြလိုပါသည်။ "သံဝေဇနိယ"ဆိုသည်မှာ "သံဝေဂဖြစ်ရာသော"ဟု အနက်အဓိပ္ပာယ်ရ၍ "အဝိဇဟိတ"ဆိုသည်မှာ "မစွန့်လွှတ်အပ်သည်၊ မစွန့်ပစ်အပ်သည်"ဟူ၍ အနက်အဓိပ္ပာယ်ရှိပါသည်။

သံဝေဂဖြစ်ရာသော "သံဝေဇနိယ"လေးဌာနမှာ-

၁။ ဖွားတော်မူရာ လုမ္ဗိနီ
၂။ ပွင့်တော်မူရာ ဗုဒ္ဓဂယာ
၃။ တရားဦးဟောတော်မူရာ မိဂဒါဝုန်
၄။ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ ဟူ၍ဖြစ်ပြီး အတိုကောက်အားဖြင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" ဟု မှတ်နိုင်သည်။

ဘုရားရှင်တိုင်း မစွန့်လွှတ်ရာ၊ မစွန့်အပ်ရာဖြစ်သော "အဝိဇဟိတ"လေးဌာနမှာ-

၁။ ပွင့်တော်မူရာ ဗုဒ္ဓဂယာ
၂။ တရားဦးဟောရာ မိဂဒါဝုန်
၃။ ၂၁ ဝါမှစ၍ အမြဲနေတော်မူရာ "သာဝတ္ထိ"
၄။ တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူရာ သင်္ကဿနဂိုရ်ဟူ၍ဖြစ်ရာ အတိုကောက်အားဖြင့် "ပွင့်၊ ဟော၊ မြဲနေ၊ ဆင်းနတ်ပြည်"ဟု မှတ်သားနိုင်သည်။

ဘုရားရှင်ပွင့်တော်မူရာ "ဗုဒ္ဓဂယာ"နှင့်တရားဦးဟောတော်မူရာ "မိဂဒါဝုန်"ဌာနများသည် "သံဝေဇနိယလေးဌာန"နှင့် "အဝိဇဟိတ လေးဌာန"နှစ်မျိုးစလုံးတွင် ပါဝင်သည်။

ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့ အတော်များများသည် အခြားနေရာများသို့ ပို့ဆောင်ပေးသော်လည်း တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားဟောကြားပြီး လူ့ပြည်သို့ပြန်လည်ဆင်းသက်တော်မူရာ "သင်္ကဿနဂိုရ်"သို့မူ ပို့ဆောင်လေ့သိပ်မရှိကြပါ။ တစ်သီးတစ်သန့်ချည်း သက်သက်သွားရောက်ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် "သင်္ကဿနဂိုရ်"သို့ပါ မရောက်ရောက်အောင်ပို့ဆောင်ကာ ဝန်ဆောင်မှုပေးသော "ရွှေမဟာ"ကို များစွာကျေးဇူးတင်ရှိပါသည်။

"သာဝတ္ထိ"မှ နီပေါသို့ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် "အစိရဝတီမြစ်"ကို ဖြတ်ကျော်ပြီးနောက် ကားပေါ်တွင်ပင် နေ့လယ်စာသုံးဆောင်ကြသည်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အိန္ဒိယ-နီပေါနယ်စပ်ဆုံရာ မြို့ထဲတစ်နေရာသို့ရောက်ရှိပြီး နှစ်နိုင်ငံ၏ "လူဝင်မှုကြီးကြပ်ရေး"အစစ်ခံရပြီး နီပေါဘက်တွင် ကိုဗစ်-၁၉ ရောဂါကို ထပ်မံအစစ်ခံရပြန်သည်။ စုစုပေါင်း သုံးနာရီခန့်ပင်ကြာမြင့်သည်။ လမ်းတစ်လျှောက် ကျောက်ပုံကြီးများနှင့် သဲပုံကြီးများကို တွေ့တွေ့နေရ၏။ နီပေါနိုင်ငံ၏ အဓိကဝင်ငွေမှာ အဆိုပါကျောက်များနှင့်သဲများကို အိန္ဒိယသို့ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ည ၆ နာရီထိုးမှ ခေတ္တတည်းခိုမည့် "လုမ္ဗိနီဥယျာဉ်မြန်မာရွှေကျောင်းတော်ကြီး"သို့ ရောက်ရှိတော့သည်။ ညစာစားပြီး ဆရာတော်ကို ဝတ္ထုငွေလှူပြီး ညအိပ်ရပ်နားခဲ့ပါ၏။ နောက်တစ်နေ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက်တွင် "ကပိလဝတ်"သို့ စတင်ထွက်ခွာလာရာ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ၏။ "ကပ္ပိလ"ရသေ့ကြီးညွှန်ပြသည့် "အောင်မြေ" နေရာတွင် "ကပိလဝတ်" နေပြည်တော်ကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ ဟိန္ဒူလူမျိုးများသာ အနေများသည်။

"သိဒ္ဓတ္ထမင်းသားတောထွက်ရာ၊ အရှေ့တံခါးပေါက်နေရာ၊ ကဏ္ဍကမြင်းနေရာ"နှင့် တောထွက်စဉ်နန်းတော်ကို ပြန်လှည့်ကြည့်ရာ နေရာတို့ရှိသည်။ ထို့ပြင် "ကပိလဝတ်နန်းတော်ရာ"နှင့် "ဘုရားရှင် ၁၅ ဝါမြောက်တွင် ဝါဆိုတော်မူခဲ့သော "နိဂြောဓာရုံကျောင်းနေရာ"သို့ သွားရောက်ဖူးမြော်လေ့လာခဲ့ကြသည်။ နံနက် ၉ နာရီတွင် ဘုရားရှင်ဖွားမြင်တော်မူရာ "လုမ္ဗိနီ"သို့ ရောက်ရှိ၏။

အဆိုပါနေရာတွင် UN က ၁၉၈၆ ခုနှစ်၌ "ငြိမ်းချမ်းရေးတူးမြောင်း"ကို ဖောက်လုပ်ပေးထားသလို ဂျပန်နိုင်ငံကလည်း "ငြိမ်းချမ်းရေးခေါင်းလောင်း" သွန်းလုပ်ပေးထားသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် ၂၄ နာရီ မပြတ်မလပ် တောက်လောင်လျက်ရှိသော ငြိမ်းချမ်းရေးဆီမီးခွက်ကိုလည်း မြင်တွေ့ခဲ့ရသည်။ အသောကမင်း ဘိသိက်ခံပြီး နှစ် ၂၀ အကြာတွင် စိုက်ထူခဲ့သော အပေါ်ထိပ်တွင် "မြင်းရုပ်"ပါ ကျောက်စာတိုင်လည်းရှိသည်။ ထို့နောက် ကျောင်းပြန် နေ့လယ်စာစားပြီး "ဒေဝဒဟ"သို့ ခရီးဆက်ခဲ့သည်။ လမ်းတွင် "ရောဟိဏီ"မြစ်ကိုဖြတ်သန်းခဲ့ရပြီး "ကောလိယတိုင်း"ရာမရွာတွင် ဝေစုရဓာတ်တော်ကို ဌာပနာ၍တည်ထားသော "ရာမဒါ" စေတီကိုလည်း ဖူးတွေ့ရသည်။

ညနေ ၃ နာရီတွင် နီပေါနှင့်အိန္ဒိယဆုံရာ နယ်စပ်မြို့ကို ပြန်လည်ရောက်ရှိပြီး "လူဝင်မှုကြီးကြပ်ရေး" အစစ်ခံကြရ၏။ ည ၆ နာရီ မိနစ် ၃၀ တွင် ခေတ္တတည်းခိုမည့် "ဆိုနော့လီ မြန်မာဘုန်းတော်ကြီးကျောင်း" သို့ ရောက်ရှိပြီး ညစာစား၊ ဆရာတော်ကို ကန်တော့၊ ဝတ္ထုငွေလှူဒါန်းပြီး ညအိပ်ရပ်နားခဲ့ရပါတော့သည်။

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် နိုဝင်ဘာလက ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၈၈၀၀၀၀ ကျော် လာရောက်ဖူးမြော်



**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် နိုဝင်ဘာလက ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၈၈၀၀၀၀ ကျော် လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ယခုနှစ် နိုဝင်ဘာလအတွင်းက ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးများ ဝင်ရောက်ထားမှုမှာ တနင်္လာနေ့မှ သောကြာနေ့ထိ တစ်ရက်လျှင် အနည်းဆုံးပြည်တွင်း၊ ပြည်ပဘုရားဖူးဦးရေ ၃၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိပြီး စနေ၊ တနင်္ဂနွေကဲ့သို့သော ရုံးပိတ်ရက်များနှင့် အများပြည်သူ အားလပ်ရက်များတွင် ပြည်တွင်း၊ ပြည်ပဘုရားဖူး ပိုမိုလာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

"လက်ရှိကာလမှာ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုကတော့ တစ်ရက်ကို ဘုရားဖူးဦးရေ ၃၀၀၀၀ ကျော် ဝင်ရောက်ပြီး ရုံးပိတ်ရက်တွေမှာ ဘုရားဖူးဝင်ရောက်မှု ပိုမိုများပြားပါတယ်။ ပြည်တွင်းက သံဃာတော်၊ သီလရှင်နဲ့ လူပုဂ္ဂိုလ် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသလို နိုင်ငံခြားသားလာရောက်လေ့လာဖူးမြော်ကြည်ညိုမှုတွေလဲရှိပါတယ်"ဟု ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်မှုကို ကိုဗစ်ကာလအတွင်းက ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ခေတ္တပိတ်ထားခဲ့ပြီး လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နံနက် ၅ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ ASH

# Knox Goes Away ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဒီဇင်ဘာ ၁၈**

Knox Goes Away အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါဇာတ်ကားကို မင်းသား မိုက်ကယ်ခေတန်က ဒါရိုက်တာအဖြစ်ရိုက်ကူးပေးထားပြီး ကိုယ်တိုင်လည်း အဓိကဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ထားသည်။

Knox Goes Away ဇာတ်ကားတွင် မိုက်ကယ်ခေတန်နှင့်အတူ မင်းသား ဂျိမ်းမာ့ဒန်း၊ မင်းသမီး မာစီယာဂေးဟားဒန်းနှင့် ဆူဇီနာကာမူရာတို့လည်း ပါဝင်ထားသည်။

အဆိုပါ ဇာတ်ကားသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုရောဂါရင်ဆိုင်နေရသည့် ဂျွန်နော့ အမည်ရှိ ကြေးစားလူသတ်သမားတစ်ဦး၏အဖြစ်ကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Knox Goes Away ဇာတ်ကား၏ အဓိကဇာတ်ကောင်ဖြစ်သော ဂျွန်နော့ဇာတ်ကောင်နေရာ၌ မင်းသား မိုက်ကယ်ခေတန်ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသည်။

Knox Goes Away ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အလင်္ကာကျော်စွာ စည်သူပိုလ်ကလေးတင့်အောင် မိသားစုက ရုပ်ရှင်လောကသား ၁၁ ဦးကို ငွေကျပ်တစ်သိန်းစီ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အလင်္ကာကျော်စွာ စည်သူပိုလ်ကလေးတင့်အောင် မိသားစုက ရုပ်ရှင်လောကသား ၁၁ ဦးအား ငွေကျပ်တစ်သိန်းစီကို ဒီဇင်ဘာ ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ရုပ်ရှင်လောကသား ၁၁ ဦးအား ငွေကျပ် တစ်သိန်းစီကို အလှူရှင်ကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း၊ ၁၁ ဦးအတွက် ငွေကျပ် ၁၁ သိန်းဖြစ်ကြောင်း သိရသည်။

"ဘဘ ပိုလ်ကလေးတင့်အောင် မိသားစုကနေပြီးတော့ ရုပ်ရှင်လောကသား ၁၁ ယောက်ကို တစ်ယောက်ကို ငွေကျပ် တစ်သိန်းစီ လှူဒါန်းတာဖြစ်ပါတယ်။ အဓိကကတော့ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရတဲ့ ရုပ်ရှင်လောကသားတွေဖြစ်ပါတယ်။ သရုပ်ဆောင်လောက ကနေ ရဟန်းဘောင်ကို အပြီးကူးပြောင်းသွားတဲ့ သရုပ်ဆောင် ဇေယျာကိုလဲ ငွေကျပ်တစ်သိန်း လှူဒါန်းတာဖြစ်ပါတယ်။ အလှူရှင်က လှူဒါန်းလိုတဲ့ ရုပ်ရှင်လောကသား ၁၁ ယောက်စလုံးကို ပေးလှူခဲ့ပြီးဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။



အလင်္ကာကျော်စွာ စည်သူပိုလ်ကလေးတင့်အောင်မိသားစုက သရုပ်ဆောင် ဇေယျာ၊ သရုပ်ဆောင် ကျောက်ရိုင်းဦးအောင်မြတ်၊ ဦးကျော်မင်း၊ ဦးအုန်းမောင် (တည်းဖြတ်)၊ ဦးစံမြင့်၊ ဦးမြင့်ကြည်၊ ဦးချစ်ဆွေ (ကွယ်လွန်)၊ ဓာတ်ပုံ ဦးသန်းညွန့် (ပန်းသာ)၊ ဒါရိုက်တာ ခင်မောင်ဦး (မောင်မဲ)၊ ဦးရွှေဝင်း (ကင်မရာမန်း)၊ ဦးကျော်ညွန့် (ကင်မရာမန်း) တို့အား ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေကျပ် ၁၁ သိန်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

# ခရစ္စမတ်ကာလနောက်ခံဇာတ်ကား၌ မင်းသမီး မယ်လစ်ဆာမက္ကာသီ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၈**

Peacock ရုပ်ရှင်ကုမ္ပဏီ၏ ခရစ္စမတ်ကာလ နောက်ခံရုပ်ရှင်ဇာတ်ကား၌ မင်းသမီး မယ်လစ်ဆာမက္ကာသီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

နတ်သမီးပုံပြင်ဆန်ဆန် ဟာသဇာတ်ကားဖြစ်သည့် အဆိုပါဇာတ်ကား၌ အလုပ်အတွက် အချိန်ပေးလွန်းပြီး ခရစ္စမတ်အမီ မိသားစုထံ ပြန်ရန်မျှော်လင့်ထားသူအမျိုးသားတစ်ဦးက တန်ခိုးရှင်တစ်ဦးထံမှ အကူအညီရယူပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် အဆိုပါဇာတ်ကားကို နယူးယောက်မြို့၌ ဇာတ်အိမ်တည် ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာဆမ်ဘွိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ မင်းသမီး မယ်လစ်ဆာမက္ကာသီ ပါဝင်ရမည့်ဇာတ်ကောင်နေရာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသမီး မယ်လစ်ဆာမက္ကာသီသည် Netflix ရုပ်ရှင်မှ္ပဏီ၏ The Starling အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ နောက်ဆုံးပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO




# ကျောက်မဲမြို့နယ် ပန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ကျောက်မဲ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မဲမြို့နယ် ပန်မောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ်စီမံကိန်းဝန်ထမ်းများက ကျေးရွာမြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ပန်မောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်မှာကြားသည်။

ပန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသားဦးရေ ၁၃၀ ကို ငွေကျပ် ၅၂၈ သိန်း ထုတ်ချေးပေးထားကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောပြ၍ သိရသည်။ **နိုလာ**

# Export of finished industrial goods earns US$7.66 billion from 1 April to 2 December 2022


The worksite of a garment factory.

**Nay Pyi Taw December 18**

Myanmar earned US$ 7.66 billion in export of finished industrial goods to foreign markets from 1 April to 2 December 2022 of the 2022-23 fiscal year, said U Min Aung Aye, director of Trade Department under the Ministry of Commerce.

In this regard, the State owned industries pocketed US$2.63 billion and private sector, US$5.03 billion in export of finished industrial goods.

"Export of finished industrial products including CMP garment products bagged US$7.66 billion during the period ths year, exceeding more than US$1.94 billion including US$1.46 billionin private exportation and US$0.48 billion in State owned exportation, rather than the last fiscal year," said U Min Aung Aye.

Myanmar primarily exports CMP garment products, ornaments, natural gas, sugar and other industrial products to the foreign market. In this regard, CMP garment products stood first in the largest exportation, followed by natural gas. In importation, oil and oil products stood first, followed by textile and clothes. ASH

# North Korea fires two ballistic missiles, escalating tensions, says South Korea

**Seoul December 18**

North Korea fired two ballistic missiles towards the sea off the Korean Peninsula's east coast on Sunday, said South Korea and Japan, prompting South Korea's presidential office to "strongly condemned" Pyongyang for escalating tensions.

South Korea's Joint Chiefs of Staff (JCS) said the two medium-range missiles flew about 500 kms (311 miles).

Japan's Vice Defence Minister Toshiro Ino said the missiles seemed to have landed outside Japan's exclusive economic zone (EEZ) and there had been no report of damages.

"North Korea's ballistic missiles were launched at steep angles and landed in the East Sea," South Korea's JCS said in a statement.

"South Korean and the United States intelligence authorities are conducting a thorough analysis, factoring recent trends related to North Korea's missile development."

South Korea convened a National Security Council (NSC) meeting over North Korea's missile launch and "strongly condemned" for escalating tensions on the Korean Peninsula, South Korea's presidential office said in a statement. Reuters

# New earthen pots introduced to revitalize Myanmar traditional pottery industry

**Yangon December 18**

New earthen pots will be introduced to the people so as to resurge the Myanmar traditional pottery industry with seeking the market shares, said Baydar & Co founder Daw Htoo Thant Sin.

The company is trying to penetrate its new earthen pots into the market with upgraded pot products in order to revitalize the Myanmar pottery industry.

"Once, Myanmar's earthen pots were used in cooking meals and stored water and foods in addition to decoration of the buildings. Currently, use of earthen pots gradually declines due to substitution of aluminum and plastic products. So, earthen pots are upgraded with the decoupage method not to decline the traditional pot's role in the market. Artistic works are created on the earthen pots to be used as decorations and gifts in the market. So, Baydar & Co leads the efforts to retake the favorite position of the earthen pots in the market," she added.

At present, new products of Baydar & Co are showcased at the Baydar & Co Showroom in Kyauktada Township of Yangon Region. The company was established in September 2019. ASH


Decorating process for newly designed earthen pots.

# Iraq: At least seven police killed in bomb and gun attack

**Baghdad December 18**

At least seven police officers have been killed in a bomb and gun attack in northern Iraq.

The attack took place near the oil-rich city of Kirkuk, about 293km (182 miles) from the capital Baghdad on Sunday.

No group has said it was behind the killings, but officials blamed the Islamic State group.

On Wednesday, a roadside bomb killed three Iraqi soldiers near Baghdad. IS said it planted the bomb.

Sunday's attack began when a bomb blast targeted a truck carrying police near the village of Chalal al-Matar, officials told AFP.

The blast was followed by followed by "a direct attack with small arms".

"An assailant has been killed and we are looking for the others," the official added, saying that two policemen were also wounded in the attack.

An official from the Ministry of the Interior in Baghdad confirmed the attack.

IS once held 88,000 sq km (34,000 sq miles) of territory stretching from eastern Iraq to western Syria and imposed its brutal rule on almost eight million people.

But Iraqi forces declared victory over the Islamist group in December 2017, after its troops drove IS militants from the Syrian border zone where the Islamists' final strongholds had been. BBC



# Applications invited for GSP to export goods to EU member countries, Norway, Switzerland, Turkey, Türkiye

**Nay Pyi Taw December 18**

The Trade Department on 17 December stated that businesspersons may apply for Generalized System of Preferences-GSP on their export goods to EU member countries, Norway, Switzerland, Turkey and Türkiye.

They can submit the applications for permission to be registered exporters applying registered exporter system-REX for Generalized System of Preferences-GSP to EU member countries, Norway, Switzerland, Turkey and Türkiye, under the notification 32/2018 issued by the ministry on 8 June 2018.

The applicants need to submit the application to the export and import branch in Yangon.

The Registered Exporter System-REX is for the exporters holding the REX as the origin of Myanmar must present declarations on the relevant documents.

According to the export and import bulletin (10/2022), the government allows export income, salaries and wage of Myanmar labours in other countries will be spent on import of goods from other countries.

Hence, importers need to pay the payment through relevant banks using the aforesaid incomes. Except the restricted goods not allowed to be imported through Myanmar-Thai border, businesspersons may apply for the import licence showing the incomes of bank accounts of the applicants. 336

# Travellers start visits to Hseeindan beach in Kungyangon Township


A panoramic view of Hseeindan beach.

**Yangon December 18**

As Yangon Region arranges community-based tourism services in its townships, travellers started entering the Hseeindan beah in Kungyangon Township, said U Tin Oo, member of the beach administration board of the township.

The beach and shopping mall were temporarily closed in Covid-19 period. As of the second week of December, the beach and shops were reopened. So, travellers started their visits to the beach.

"The beach was resumed in the second week of this month. Now, most of the shops reopen for selling goods. Travellers started their visits to the beacj on 15 December. Some people did not know what the beach has been reopened, so they are yet to visit there. Roads to the beach are better now," said the board member.

As the beach is located not far from the downtown townships of Yangon, more than 1,000 travellers visited there on weekened before Covid-19. The beach is some one hour drive from Dala Township of Yangon Region.

The beach was famous in early 2017 with surfing, riding, motorcycling and speed boat riding. Some travellers prefer to take photos on sunset scenes. Some likes seafoods at the beach as well as hilsa meal. ASH

# Pulses and beans export earns more than US$863 million from 1 April to 2 December this year

**Nay Pyi Taw December 18**

Export of pulses and beans to foreign countries has bagged more than US$863 million during the period from 1 April to 2 December 2022 of the 2022-23 fiscal year, said central executive committee member U Thet Lwin of Myanmar Pulses and Beans and Sesame Merchants Association (Yangon Region).

In this regard, export of beans reached more than 940,000 tons during the period from 1 April to 18 November, weighing US$753 million along the maritime trade and 150,000 tons worth US$120 million along border trade.

"This fiscal year, the export volume of black bean reached more than 430,000 tons, green gram 380,000 tons and pigeon pea more than 93,000 tons. At present, the inventory of beans is low in the country, as some 60,000 ton of black bean. So, price of black bean increased to K1,83 million per ton in the market," said U Thet Lwin.

Some 20 per cent of the cultivable land are placed under beans, 72 per cent of which are under black bean, green gram and pigeon pea plants as well as rice bean, kidney bean, butter bean, gram, horse gram and others.

At present, Myanmar exports agricultural produce, most of which is pulses and beans. ASH


Export samples of beans and pulses.

# Arrivals of travellers to CBT Singyun Village on the rise again this high season

**Mandalay December 18**

Number of tourist arrivals to Singyun Village where community based tourism site has been created is on the rise again this tourism high season, said U Maung Maung Lay, leader of Irrawaddy dolphin conservation team.

Number of travellers leading to Singyun Village of Madaya Township in Mandalay Region increases again due to implementation of the community based tourism site. It is because they wish to view Irrawaddy dolphins in the Ayeyawady River from the village.

"Religious edifices, looms, pottery, bamboo hat industries, cheroot industries and slipper industries are booming in the village. Moreover, travellers can enjoy the natural beauties of the villages as well as Anyathian beauties," said U Maung Maung Lay.

Some 40 local travellers paid visits to the village on a daily basis in the first week of December this year, compared with more than 150 travellers per day as of the third week.

"CBT sites are being implemented in Singyun, Ayegyun, Myasun and Seinpangon villages in Madaya Township, Myitkangyi and Hsethe villages in Singu Township of Mandalay Region and Ywathit, Tagaung and Sheinmakar villages in Wetlet Township of Sagaing Region," he added. 184

# MNA to operate Yangon-Chiang Mai-Yangon direct flight three times a week

**Yangon December 18**

The Myanmar National Airlines-MNA arranges flying of Yangon-Chiang Mai-Yangon direct flight three times a week as of 21 December 2022, according the press release of the airlines.

MNA resumed its flight of Yangon-Chiang Mai-Yangon route as of 9 December 2022. In this regard, the airlines run two times a week on Friday and Sunday on a weekly basis.

The flight will depart from Yangon at 5.10 pm and arrive in Chiang Mai at 7 pm local standard time. It will return at 8 pm local standard time and arrive back in Yangon at 8 pm.

Dur to requests of passengers, the airlines will extend one more direct flight on Wednesdays as of 21 December.

Hence, MNA will operate Yangon-Chiang Mai-Yangon direct flight on Wednesday, Friday and Sunday a week starting from 21 December 2022.

The flight on Wednesday will start at 6.30 am from Yangon and arrive in Chiang Mai at 8.10 am local standard time. It will take off from Chiang Mai at 9.15 am local standard time and arrive back in Yangon at 10.05 am.

Air ticket is sold at US$85 per passenger for one way and US$160 for round trip.

At present, MNA uses ATR airplane for Yangon-Chiang Mai-Yangon flight but may change other airplane depending on number of passengers. 336

# This year harvested Hass avocado marketable in domestic market

**PyinOoLwin December 18**

Hass avocado harvested this year is distributed to the domestic market in Myanmar, getting good prices, said Chairman of the Myanmar Avocado Growers and Exporters Association.

Such kind of avocado started harvesting in November 2022 is sent to the domestic market. At present, A class fruit is sold at K7,000 gram and B class K5,000 per kilo. But expot quality fruit is popular among the customers in the market.

"Quality fruit is getting K5,000 to K7,000 per kilo in the retail market. Avocado fruit yields earlier this year than that of last year. Although people are facing downgrading of income, avocado is marketable," he added.

Hass avocado is distributed to Yangon and Mandalay markets as main marketing sources and it is sent to Muse, Lashio and Monywa markets as well. Wholesale owners send it to other markets depending on offers. Moreover, the fruit is sold online. 185


Hass avocados for sale.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## မြောက်ကိုရီးယားနိုင်ငံက ICBM အတွက် တွန်းအားမြင့်အစိုင်အခဲလောင်စာသုံးအင်ဂျင်ကိုစမ်းသပ်



မြောက်ကိုရီးယားနိုင်ငံသည် မဟာဗျူဟာမြောက် လက်နက်အသစ်အဆန်းများတီထွင်ရန် ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်ပရိုဂရမ်များကို အရှိန်မြှင့်တင်ရန် ကြိုးပမ်းနေချိန်၌ တွန်းအားမြင့်အစိုင်အခဲလောင်စာသုံးအင်ဂျင် (High-Thrust Solid-Fuel Engine) စမ်းသပ်ခဲ့မှုသည် ဒုံးကျည်ပစ်လွှတ်မှုကို ပိုမိုမြန်ဆန်စေပြီး မိုဘိုင်းလ်(ယာဉ်တင်)ဒုံးကျည်များ ပိုမိုပစ်လွှတ်လာနိုင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ဒုံးကျည်အင်ဂျင်များနှင့် အာကာသလွှတ်တင်ယာဉ်များအပါအဝင် ဒုံးကျည်နည်းပညာများကို စမ်းသပ်ရန် အသုံးပြုသည့် မြောက်ကိုရီးယားနိုင်ငံ Sohae ဂြိုဟ်တုလွှတ်တင်ရေးအခြေစိုက်စခန်းတွင် ဒီဇင်ဘာ ၁၅ ရက်က ခေါင်းဆောင် Kim Jong Un ကြီးကြပ်သည့် အဆိုပါစမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း KCNA သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားက ICBM အတွက် ရည်ရွယ်၍ တွန်းအားမြင့် အစိုင်အခဲလောင်စာသုံးအင်ဂျင်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ပြင်ဆင်ချိန်မရှိသလောက်နီးပါးပစ်လွှတ်နိုင်သည့် အစိုင်အခဲလောင်စာသုံးဒုံးကျည်များ ထပ်မံတည်ဆောက်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

"အရည်လောင်စာသုံးတွေနဲ့ယှဉ်ရင် အစိုင်အခဲလောင်စာသုံး ဒုံးကျည်တွေဟာ ပိုပြီးလှုပ်ရှားစစ်ကစားနိုင်စွမ်းကောင်းမွန်တယ်။ ပစ်လွှတ်ဖို့ပိုမြန်တယ်။ ပဋိပက္ခအတွင်း ပုံဖျက်ဖုံးကွယ်ပြီး အသုံးပြုရတာ ပိုလွယ်ပါတယ်"ဟု တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Ewha တက္ကသိုလ်မှ နိုင်ငံတကာလေ့လာရေးပါမောက္ခ Leif-Eric Easley က ပြောကြားခဲ့သည်။

"အစိုင်အခဲလောင်စာသုံးအင်ဂျင်တွေ သုံးလာနိုင်ပြီဆိုရင်တော့ မြင့်မားတဲ့ ဒီနည်းပညာက မြောက်ကိုရီးယားရဲ့ နျူကလီးယားတပ်ဖွဲ့တွေကို အန္တရာယ်ရှိလာအောင် ပိုစွမ်းဆောင်ပေးနိုင်တော့မှာပါ"ဟု Leif-Eric Easley က ဆိုသည်။

တောင်ကိုရီးယား Kyungnam University ရှိ မြောက်ကိုရီးယားလေ့လာရေးပါမောက္ခ Lim Eul-Chul က ယခုနောက်ဆုံးစမ်းသပ်မှုသည် စွမ်းအားကောင်းသည့် ICBM များနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည်များများတည်ဆောက်ရန် မြောက်ကိုရီးယား၏ ကြိုးပမ်းလုပ်ဆောင်နေမှုများကို အချက်ပြနေခြင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"လာမဲ့နှစ်မှာ လောင်စာခဲဒုံးကျည်အသစ်တွေနဲ့ မြောက်ကိုရီးယားက ICBM ကို စမ်းသပ်ပစ်ခတ်နိုင်ခြေကို ကျွန်တော်တို့မငြင်းနိုင်ပါဘူး"ဟု Lim Eul-Chul က ပြောကြားခဲ့သည်။

တွန်းအားမြင့်အစိုင်အခဲလောင်စာသုံးအင်ဂျင်များ တီထွင်ထုတ်လုပ်ခြင်းသည် ပြီးခဲ့သောနှစ်က မြောက်ကိုရီးယား၏ အာဏာရပါတီအစည်းအဝေးတွင် ချမှတ်ပေးထားသော စစ်ရေးတာဝန်ငါးရပ်ထဲမှ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း မြောက်ကိုရီးယားသည် ယခုနှစ်အတွင်း အမေရိကန်ပြည်မကြီးသို့ ရောက်ရှိနိုင်သည့် ICBM အပါအဝင် ဒုံးကျည်စမ်းသပ်မှု အများအပြားကို ပြုလုပ်ခဲ့သည်။

"မြောက်ကိုရီးယားမီဒီယာရဲ့အစီရင်ခံစာနဲ့ပတ်သက်ပြီး ကျွန်တော်တို့စိုးရိမ်ပါတယ်။ သူ့ရဲ့လှုပ်ရှားမှုတွေကိုစောင့်ကြည့်နေပါတယ်"ဟု ကိုရီးယားနှစ်နိုင်ငံကြားအရေးကိုကိုင်တွယ်သည့် တောင်ကိုရီးယားပေါင်းစည်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ Rafael Grossi သည် ဆိုးလ်မြို့၌ တောင်ကိုရီးယားအရာရှိများနှင့် ဆွေးနွေးစဉ် မြောက်ကိုရီးယားသည် နျူကလီးယားအစီအစဉ်ကို ရပ်တန့်ရန် အစွမ်းကုန်ကြိုးပမ်းမည်ဟု ကတိပြုခဲ့ပြီးနောက် စမ်းသပ်မှုထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

Grossi နှင့် တွေ့ဆုံစဉ်တွင် တောင်ကိုရီးယားသမ္မတ Yoon Suk-Yeol က မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို တိုးတက်အောင်လုပ်ဆောင်နေမှုများအပေါ် စိုးရိမ်ကြောင်း ပြောကြားခဲ့ပြီး ကုလသမဂ္ဂအား မြောက်ကိုရီးယား၏ နောက်ထပ်ရန်စမှုများကို ဟန့်တားနိုင်ရန် အေဂျင်စီနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး တောင်းဆိုခဲ့သည်။

မြောက်ကိုရီးယားသည် နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန်အလားအလာရှိသော ပြင်ဆင်မှုများ ပြီးမြောက်ခဲ့ပြီးဖြစ်သည့်အတွက် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံး ပြန်လည် လုပ်ဆောင်လာနိုင်သည်ဟု တောင်ကိုရီးယားနှင့် အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

**North Korea tests high-thrust solid-fuel engine for apparent ICBM development ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီနိုင်ငံက ပထမဆုံး ဂျက်အင်ဂျင်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် ပထမအကြိမ် ပျံသန်းနိုင်ခဲ့

တူရကီကာကွယ်ရေးကုမ္ပဏီ Baykar က ၎င်း၏ ပထမဆုံး ဂျက်အင်ဂျင်သုံးမောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် (UCAV) သည် ဒီဇင်ဘာ ၁၄ ရက်က ပထမအကြိမ်ပျံသန်းနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားထားသည်။

Baykar ကုမ္ပဏီက Kizielma (Golden Apple) ဂျက်အင်ဂျင်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် (UCAV) ပျံတက်သွားပြီး Istanbul မြို့၏ အနောက်မြောက်ဘက် ၈၅ ကီလိုမီတာအကွာ Corlu ပြည်နယ်ရှိ လေတပ်စခန်းသို့ ပြန်လည်ဆင်းသက်ခဲ့ခြင်းကို ပြသသည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာ ၁၄ ရက် Flightradar အချက်အလက်များတွင် Corlu လေဆိပ်၌ BYK07 ခေါ်ဆိုမှုသင်္ကေတပါသော အမည်မသိ လေယာဉ်တစ်စင်းကိုလည်း ပြသခဲ့သေးသည်။

ကုမ္ပဏီ၏ Bayraktar TB2 ဒရုန်းသည် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများတွင် တိုက်ပွဲဝင်အသုံးပြုနိုင်ခဲ့မှုကို ထင်ရှားစွာသက်သေပြသနိုင်ခဲ့ပြီး Baykar ကို ကမ္ဘာလုံးဆိုင်ရာ ဒရုန်းထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူအဖြစ် မီးမောင်းထိုးပြနိုင်ခဲ့သည်။

ဆီးရီးယား၊ ယူကရိန်းနှင့် လစ်ဗျားနိုင်ငံတို့တွင် Baykar ကုမ္ပဏီ၏ ပန်ကာဖြင့် မောင်းနှင်သောဒရုန်းများအတွက် နိုင်ငံတကာ ဝယ်လိုအားမြင့်တက်လာခဲ့သည်။ လစ်ဗျားနိုင်ငံတွင် ၎င်းတို့၏ လေဆာလမ်းညွှန်သံချပ်ကာဖောက်ဗုံးများသည် လွန်ခဲ့သည့် နှစ်နှစ်က အာရပ်စော်ဘွားများပြည်ထောင်စု ကျောထောက်နောက်ခံပြုတပ်ဖွဲ့များ၏ ထိုးစစ်ကို တန်ပြန်ချေမှုန်းရန် ကူညီပေးနိုင်ခဲ့သည်ဟုလည်းဆိုသည်။

Baykar ကုမ္ပဏီနည်းပညာဆိုင်ရာ အရာရှိချုပ် Selcuk Bayraktar က Kizilelma သည် ပထမဆုံးပျံသန်းမှုကို အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဗီဒီယိုဖိုင်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဂျက်အင်ဂျင်သုံးမောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် (UCAV) သည် လစ်ဗျားနှင့် အီရတ်နိုင်ငံမြောက်ပိုင်း ပဋိပက္ခများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် တူရကီရှိ လက်ရှိဒရုန်းများ၏ သယ်ဆောင်နိုင်စွမ်းနှင့် အမြင့်ဆုံးမြန်နှုန်းကို တိုးမြှင့်ပေးသွားနိုင်လိမ့်မည်ဖြစ်သည်။



ဂျက်အင်ဂျင်ဖြင့် မောင်းနှင်ထားသော တူရကီထုတ်ဒရုန်းအသစ်သည် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များနှင့် ဆင်တူသော အပြင်ပန်းအသွင်အပြင်ကို ပြသထားသည်။ သမားရိုးကျ ဒရုန်းရည်မှန်းချက်တာဝန်များအပြင် Kizilelma သည် ဝေဟင်မှ ဝေဟင်သို့ တိုက်ခိုက်မှုများ တစ်နည်းအားဖြင့် လေကြောင်းတိုက်ပွဲများ လုပ်ဆောင်နိုင်လိမ့်မည်ဟု Baykar ကုမ္ပဏီ နည်းပညာဆိုင်ရာအရာရှိချုပ် Selcuk Bayraktar က ပြောကြားခဲ့သည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က တူရကီထံမှ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များဝယ်ယူရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့ထံမှ အစင်း ၂၀ ကို အာရပ်စော်ဘွားများပြည်ထောင်စုသို့ရောင်းချပေးခဲ့သည်။

**Turkey's Baykar launches new jet-powered drone, aiming for air-to-air combat ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ခနုပြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၈၄၉၉၇ ဧက စိုက်ပျိုးပြီးစီး



**ခနုပြူ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုပြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၈၄၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခနုပြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခနုပြူမြို့နယ်တွင် မတ်ပဲ ၈၉၀၁၆ လျာထားဧကကို အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၈၄၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် မတ်ပဲကို လျာထားချက်အတိုင်းပြည့်မီစေရန် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲစုစုပေါင်း ၈၉၀၁၆ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မတ်ပဲသီးနှံဟာ နှစ်စဉ်နှစ်တိုင်း စိုက်နေကျသီးနှံ ဖြစ်တဲ့အတွက် တောင်သူတွေအတွက် စိုက်ပျိုးဖို့ အခက်အခဲမရှိပါဘူး။ ပိုးမွှား အန္တရာယ် ရှတ်တရက်ကျရောက်ရင်လဲ ဖြေရှင်းဖို့ နည်းလမ်းတွေကို သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲသီးနှံက ဧကအများဆုံး စိုက်ပျိုးတာဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆက်လက် ဆောင်ရွက်နေပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ခနုပြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောပြသည်။

ခနုပြူမြို့နယ်တွင် ယခုနှစ် မတ်ပဲသီးနှံကို စုစုပေါင်းကျေးရွာ ၂၂ ရွာမှ ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ မတ်ပဲသီးနှံများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာများ၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှု နည်းစနစ်တကျရှိစေရေးများ၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး နည်းစနစ်များ စသည့်လုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ပေးထားကြောင်း ခနုပြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ်တွင် တံတားဦး-ကောင်းဟုန်း-ပန်လွေးလမ်းနှင့် ရွာသစ်-ကောင်းဝိုင်-မတ်ခံ-မန်ကောင်းလမ်း မြေသားလမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကွမ်းလုံ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွမ်းလုံမြို့နယ်တွင် တံတားဦး-ကောင်းဟုန်း-ပန်လွေးလမ်းနှင့် ရွာသစ်-ကောင်းဝိုင်-မတ်ခံ-မန်ကောင်းလမ်း မြေသားလမ်း ဖောက်လုပ်ခြင်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေမျိုးမင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၉၉၇ သန်းဖြင့်ဆောင်ရွက်သည့် တံတားဦး-ကောင်းဟုန်း-ပန်လွေး လမ်းမြေသားလမ်းဖောက်လုပ်ခြင်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၃၉ ဒသမ ၈၆ သန်းဖြင့်ဆောင်ရွက်သည့် ရွာသစ်-ကောင်းဝိုင်-မတ်ခံ-မန်ကောင်းလမ်း မြေသားလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert သုံးစင်း ဆောက်လုပ်ခြင်းလုပ်ငန်းများကို စစ်ဆေးကြပြီး ကွမ်းလုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းထွန်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။



ကွမ်းလုံမြို့နယ် တံတားဦး-ကောင်းဟုန်း-ပန်လွေး မြေသားလမ်းဖောက်လုပ်ခြင်းသည် လမ်းအရှည် တစ်မိုင် ၅ ဒသမ ၆၂ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် လေးလက်မရှိ သဲဖြူနှင်းခင်းခြင်း လုပ်ငန်းကို ကွမ်းလုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကလည်းကောင်း၊ ရွာသစ်-ကောင်းဝိုင်-မတ်ခံ-မန်ကောင်း မြေသားလမ်းသည် လမ်းအရှည် သုံးမိုင် ၄ ဒသမ ၉၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် လေးလက်မ သဲဖြူနှင်းခင်းခြင်းနှင့် Box Culvert သုံးစင်း တည်ဆောက်လုပ်ခြင်းလုပ်ငန်းကို Bright Castle ကုမ္ပဏီကလည်းကောင်း ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပန်းတောင်းမြို့နယ် ဘင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတောင်း ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဘင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

၂၀ ရှေ့မှအဆက်

အဖွဲ့ဝင်များသည် ပန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် Orchestra အဖွဲ့မှ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာနှင့် အကအဖွဲ့တို့က တီးခတ်သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ကာ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်ကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း၊ ကိုဗစ်ကာလများကြောင့် ရပ်နားခဲ့ရသော်လည်း ယခုနှစ်တွင် ပြန်လည်စတင်ကာ ယခင်နှစ်များနှင့်မတူ ထိုင်းနိုင်ငံမှ အထင်ကရပန်းအနုပညာရှင် Mr.Joe "Rain Forest Thailand"မှ အသစ်ပုံဖော်ထားသည့် Landscape များတွင် ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ရာသီပန်းမျိုးစုံတို့ကိုပေါင်းစပ်ကာ ဇုန်အလိုက်ခင်းကျင်းပြသထားကြောင်း၊ ပွဲတော်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ပွဲရွှင်ပွဲများ၊ ပန်းဥယျာဉ်ဈေးပွဲတော်များ၊ ပြင်ဦးလွင်ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့်အစီအစဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များက အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

## (၇၅)နှစ်မြောက် ဗိုလ်ချုပ်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံးကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၄၀ | ၁၉၃၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၄၅ | ၁၉၂၅ | ၂၀၁၅ | ၂၀၃၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၁၉၅ | ၂၇၆၀ |
| 95 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၇၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၇၆ | ၁၉၄၇ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၃ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက် ပန်းပွဲတော်ပုံရိပ်များ



ဓာတ်ပုံ-မျိုးကျော်



ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်



ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်


ဓာတ်ပုံ-မျိုးကျော်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။




**နေပြည်တော် ဒီဇင်ဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ရာလုပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသန့်နှင့်ဇနီး၊ ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကစားကွင်း၌ကျင်းပရာ ရောဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး တတိယရရှိခဲ့သည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ညနေ ၃ နာရီမှစတင်၍ U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နမ့်ခမ်းမြို့နယ်ရှိ နမ့်ခမ်း-ဟိုဆိုင်လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နမ့်ခမ်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နမ့်ခမ်း-ဟိုဆိုင်းလမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၈၃၂ သန်းဖြင့်ဆောင်ရွက်သည့် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-ဟိုဆိုင်လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးရာ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း ဦးသိန်းထွန်းဦးက ပြောပြသည်။



နမ့်ခမ်းမြို့နယ်ရှိ နမ့်ခမ်း-ဟိုဆိုင်လမ်းတွင် ဆောင်ရွက်ပြီးစီးသော ကတ္တရာခင်းခြင်းလုပ်ငန်းသည် အရှည် ၃ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဇူလိုင်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာလက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေးသွားလာ အသုံးပြုနိုင်မည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများဆောင်ရွက်ရာတွင် မြို့ပြနှင့် အလွယ်တကူဆက်သွယ်သွားလာ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းထွန်းဦး၏ ပြောပြချက်အရ သိရသည်။ **ကျော်ဇေဦး(မောရှမ်းမြေ)**

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၄၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

## ဒီဇင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၇၀ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၅၅ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၃၇ ဦး |

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်ရည်ရွယ်၍ မော်တော်ယာဉ်ဖြင့်သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ လက်နက်နှင့် အခြားဆက်စပ်ပစ္စည်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာအနီး သိမ်းဆည်းရမိ



**သိမ်းဆည်းရမိ PDF အမည်ခံ အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်အတွက် လျှို့ဝှက်သယ်ဆောင်လာသော လက်နက်များနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၈**

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်း၊ သံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများ ပျက်ပြားစေရန် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူသွားလာလျက်ရှိသော လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်သိမ်းဆည်းရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDFအမည်ခံ အကြမ်းဖက်သမားများ လျှို့ဝှက်သယ်ဆောင်လာသော လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စုအနီး ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် အချိန်မီပိတ်ဆို့ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စုအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ဆော်တောကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် ပင်လုံမြို့ဆနင်းကျေးရွာဘက်မှ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် ဒိုင်နာအမျိုးအစား တစ်ပါ (အပြာရောင်) ခြောက်ဘီးယာဉ် တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်မှာ ရပ်တန့်သွားခဲ့ပြီး အကြမ်းဖက်သမားများ ထွက်ပြေးသွားခဲ့သည်။

အဆိုပါရပ်တန့်သွားသည့် မော်တော်ယာဉ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေခဲ့ရာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ လျှို့ဝှက်သယ်ဆောင်လာသော Type-81 အမျိုးအစား လက်နက် ၄၉၉ လက်၊ ၎င်းကျည်အိမ် ၄၉၈ ခုနှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။





**သိမ်းဆည်းရမိ PDF အမည်ခံ အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်အတွက် လျှို့ဝှက်သယ်ဆောင်လာသော လက်နက်များနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။**

**❖ ကမ္ဘာ့ဖလားပြိုင်ပွဲမှအဆက်**

ပွဲချိန် ၂၃ မိနစ်တွင် ပြင်သစ်အသင်းမှ ဒမ်ဘီလီက ဒီမာရီယာကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် အာဂျင်တီးနားအသင်း ပင်နယ်တီကန်ခွင့်ရရှိခဲ့ရာ မက်ဆီက အမှားအယွင်းမရှိကန်သွင်းကာ ဦးဆောင်ဂိုး ရယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ရရှိခဲ့ပြီးနောက်ပိုင်း



အာဂျင်တီးနားအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပြင်သစ်အသင်းအနေဖြင့် ထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် မက်ဆီ၏ အကောင်းဆုံး တွဲဖက်မှုများမှတစ်ဆင့် ဒီမာရီယာက ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် အာဂျင်တီးနားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ချေပဂိုးများလိုအပ်နေသည့် ပြင်သစ်အသင်းက ပိုမိုဖိအားပေးတိုက်စစ်ဆင်ကစားလာခဲ့ပြီး အာဂျင်တီးနားအသင်းက ခံစစ်ပိုင်း ပိုမိုအားပြုကစားခဲ့သဖြင့် ပွဲချိန် မိနစ် ၈၀ တွင် အမ်ဘာပ်ပီက ပထမချေပဂိုး သွင်းယူခဲ့ပြီး တစ်မိနစ်အကြာ ပွဲချိန် ၈၁ မိနစ်တွင် အမ်ဘာပ်ပီကပင် ဒုတိယချေပဂိုး ထပ်မံသွင်းယူနိုင်ခဲ့ရာ ပွဲချိန်မိနစ် ၉၀ တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင် အာဂျင်တီးနားအသင်းက ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၀၉ မိနစ်တွင် မက်ဆီက အာဂျင်တီးနားအသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီး ၁၁၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အမ်ဘာပ်ပီက ပြင်သစ်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်တွင် ချန်ပီယံဆုကို အာဂျင်တီးနားအသင်း၊ ဒုတိယဆုကို ပြင်သစ်အသင်း၊ တတိယဆုကို ခရိုအေးရှားအသင်းက ရရှိခဲ့ပြီး လူငယ်အကောင်းဆုံး ကစားသမားဆုကို အာဂျင်တီးနားအသင်းမှ အန်ဇိုဖာနန်ဒက်ကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုကို အာဂျင်တီးနားအသင်း ချန်ပီယံဆွတ်ခူးနိုင်ခဲ့ရာတွင် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သည့် မာတီနက်ဇ်ကလည်းကောင်း၊ သွင်းဂိုးအများဆုံးကစားသမားဆုကို သွင်းဂိုး ရှစ်ဂိုးဖြင့် ပြင်သစ်အသင်းမှ အမ်ဘာပ်ပီကလည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို အာဂျင်တီးနားအသင်းမှ မက်ဆီက ရရှိခဲ့ကြသည်။

အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၉၈၆ ခုနှစ်က မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၁၉၇၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခုအခါ ၄၄ နှစ်အကြာတွင် တတိယအကြိမ်အဖြစ် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဂျင်တီးနားအသင်းသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ကိုပါအမေရိကဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ယခုအခါ ကမ္ဘာ့ဖလားချန်ပီယံဆု ထပ်မံဆွတ်ခူးနိုင်ခဲ့သည့်အတွက် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ပြီးလျှင် အဓိကဆုဖလားနှစ်လုံး ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် တတိယမြောက်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

STA

# မြေငလျင်လှုပ်ခတ်ရသည့်အကြောင်းရင်းများ၊ သက်ရောက်မှုများနှင့် ကြိုတင်ကာကွယ်မှုများ

ငလျင်သည် အဓိက သဘာဝဘေးအန္တရာယ်များထဲမှတစ်ခုဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ငလျင်ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် အသက်နှင့် ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုကြီးကြီးမားမားဖြစ်ပေါ်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မှန်ကန်သောဗျူဟာများနှင့် အသိပညာပေးခြင်းများကို လူသားများသိရှိစေရန်မှာ အချိန်နှင့်အမျှ လိုအပ်ပါသည်။ ထိုသို့ငလျင်လှုပ်ခတ်နိုင်မှုအခြေအနေများကို ကြိုတင်သိရှိနိုင်ခြင်းအားဖြင့် လူသားတို့ကို ဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ပြီး အန္တရာယ်များကိုရင်ဆိုင်ဖြေရှင်းရာတွင် အကူအညီပေးနိုင်ပါသည်။ သို့သော်လည်း ငလျင်လှုပ်နိုင်ခြေများကို ကြိုတင်ခန့်မှန်းခြင်းမှာ ငလျင်လှုပ်ခတ်ခြင်းဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ထိုက်သင့်သလောက် လျော့နည်းစေရန်အတွက်သာဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ဘေးကင်းရေးအစီအမံတချို့ကို ချမှတ်ခဲ့ကြသည်။

**ငလျင်ဆိုသည်မှာ**

မြေငလျင်ဆိုသည်မှာ ကမ္ဘာမြေမျက်နှာပြင်တွင် စွမ်းအင်ရုတ်တရက်ထုတ်လွှတ်မှုကြောင့် ကမ္ဘာမြေမျက်နှာပြင်လှုပ်ယမ်းခြင်းပင်ဖြစ်ပါသည်။ ငလျင်လှုပ်ခြင်း (လှုပ်ခြင်း၊ တုန်ခါခြင်း၊ ခါယမ်းခြင်း သို့မဟုတ် မြေငလျင်လှုပ်ရှားမှု)သည် ကမ္ဘာမြေကြီး၏ မျက်နှာပြင်လွှာအတွင်း၌ စွမ်းအင်ကို ရုတ်တရက်ထုတ်လွှတ်ခြင်း၏ရလဒ်ဖြစ်ပြီး မြေငလျင်လှိုင်းများဖြစ်လာရခြင်းဖြစ်သည်။ ငလျင်သည် မြေတွင်းအနက်တစ်နေရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကျောက်စိုင်ထုအတွင်း မြေတွင်းဖိအားများကြောင့် အက်ရာများစတင်ဖြစ်ပေါ်လာပြီးနောက် ထိုအက်ကြောင်းများ၏ မျက်နှာပြင်တစ်လျှောက်တွင် ရုတ်တရက်ကျိုးပြတ် ပွတ်တိုက်ရွေ့လျောခြင်းကြောင့် ငလျင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုသို့ကျိုးပြတ်ခြင်းမဖြစ်မီ ဖိအားကြောင့် ကျောက်စိုင်ထုအတွင်းတွင် ကျုံ့ခြင်း၊ ပွခြင်းများဖြစ်လာပြီး ရွေ့လျားခြင်းများဖြစ်လာသည်။ နဂိုရှိရင်းစွဲ ကျောက်လွှာထုများ ရွေ့လျားခြင်းနှင့်နှိုင်းဆလျှင် ထိုသို့ကျိုးပြတ်သွားသော ကျောက်ဆိုင်များရွေ့လျားမှုမှာ မမြင်သာသလောက်ပင်ဖြစ်သော်လည်း ပမာဏများလာသည့်အခါ သိသာသောမြေငလျင်လှိုင်းများဖြစ်လာသည်။

ငလျင်လှုပ်တတ်သော မြေကြောကို ငလျင်ကြောဟုခေါ်ကြသည်။ ဘူမိဗေဒဝေါဟာရအားဖြင့်မူ ငလျင်ကြောကို ငလျင်ရပ်ဝန်းဟုခေါ်သည်။ ငလျင်ရပ်ဝန်းများမှာ ဩစတြေးလျတိုက်၊ အာရှတိုက်၊ မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့က ဝန်းရံထားသော ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်၊ မြေထဲပင်လယ်တစ်ဝိုက်နှင့် အာရှတိုက်တောင်ပိုင်းတို့ဖြစ်ကြသည်။ ၎င်းဒေသသုံးခုကို ဘူမိဗေဒပညာရပ်အရ တူရာတို့ကို ပေါင်းစပ်၍ပြသောအခါ ကမ္ဘာပေါ်တွင် အဓိကအားဖြင့် ငလျင်ရပ်ဝန်းကြီးနှစ်ခုရှိသည်ဟု ပိုင်းခြားနိုင်သည်။ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ကို ပစိဖိတ်အနားပတ်လည်ရပ်ဝန်းဟုခေါ်ပြီး မြေထဲပင်လယ်မှစတင်၍ ဟိမဝန္တာတောင်တန်းနှင့် အနောက်ရိုးမတို့ကိုဖြတ်ပြီးလျှင် အင်ဒိုနီးရှားကျွန်းစုများထိ သွယ်တန်းနေသော ငလျင်ရပ်ဝန်းဒေသကို အယ်လပိုက်ရပ်ဝန်းဟုခေါ်သည်။ ကမ္ဘာပေါ်တွင် လှုပ်ခဲ့ပြီးသော ငလျင်အားလုံးပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် ပစိဖိတ်အနားပတ်လည်ရပ်ဝန်း၌ ကျရောက်၍ ၁၀ ရာခိုင်နှုန်းအောက်လျော့နည်းသော ငလျင်များသည် အယ်လပိုက်ရပ်ဝန်းတွင် လှုပ်ခတ်သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

ငလျင်လှိုင်းများကို Seismic waves (S waves) ဟုလည်းခေါ်သည်။ ရေိယာတစ်ခုရှိ ငလျင်လှုပ်ခတ်လျှင် ၎င်း၏ပြင်းအားကို ငလျင်အမျိုးအစားနှင့် ပြင်းထန်မှုအပေါ် မူတည်ပြီး ဆုံးဖြတ်သည်။

**မြေငလျင်လှုပ်သည့်အခါ လုပ်ဆောင်သင့်သည့်အချက်များ**

မြေငလျင်လှုပ်သည့်အခါ လုပ်ဆောင်သင့်သည့် အချက်များတွင် မြေငလျင်မလှုပ်မီ ဆောင်ရွက်ထားသင့်သည့်အစီအမံများနှင့် ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရမည့် အစီအမံများဟူ၍ဖြစ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။



**မြေငလျင်မလှုပ်မီ ဆောင်ရွက်ထားသင့်သည့်အစီအမံများ**

- ဓာတ်ငွေ့လိုင်းများနှင့် ဆက်စပ်စက်ပစ္စည်းများ၏ ချိတ်ဆက်မှုများကို ခိုင်မာမှုရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ရပါမည်။
- အိမ်ကို လုံခြုံခိုင်ခံ့မှုရှိအောင်ပြုလုပ်ကာ အမိုးအကာများ၊ စည်သွတ်အစားအစာနှင့် ခေတ်မီသောရှေးဦးသူနာပြုကိရိယာ၊ ရေဝါလန်ပုံးများ၊ ဖုန်မှုန့်များကာသော မျက်မှန်များ၊ အကာအကွယ်များ၊ မီးငြိမ်းသတ်ကိရိယာများ၊ အချက်ပြမီးများ၊ ဘက်ထရီဖြင့် အသုံးပြုနိုင်သောမီးချောင်းနှင့် ရေဒီယိုတို့အပါအဝင် မြေငလျင်အတွက် အရန်သင့်အစီအစဉ်ကို အဆင်သင့်ထားရှိရမည်။
- ငလျင်ဒဏ်ခံရနိုင်ဖွယ်ရှိသော နေရာများရှိ အဆောက်အအုံများကို အုတ်မြစ်ချခြင်းမပြုမီ ဘူမိဗေဒပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် အဆောက်အအုံဆိုင်ရာ အင်ဂျင်နီယာများကို တိုင်ပင်ဆွေးနွေးရပါမည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း အဆောက်အအုံကိုဆောက်လုပ်ရမည်။
- မိမိသိရှိထားသော ငလျင်ဒဏ်ကာကွယ်ရေး အစီအမံများနှင့်ပတ်သက်၍ မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်းများ၊ မိသားစုဝင်များကြားတွင် အသိပညာပေး ပြန်လည်မျှဝေပေးရမည်။

**ငလျင်လှုပ်သည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန်များ**

- ငလျင်တုန်ခါမှု ရပ်သွားသည့်တိုင်အောင် သက်ဆိုင်ရာတာဝန်ရှိသူများက အပြင်သို့ ထွက်ရန် ဘေးကင်းကြောင်း တရားဝင်ကြေညာသည့်အချိန် မတိုင်ခင်ထိ အိမ်ထဲတွင်နေရမည်။
- ပြုတ်ကျနိုင်သော စာအုပ်စင်များ၊ ပရိဘောဂများ၊ လေးလံသောအသုံးအဆောင်ပစ္စည်းများကို လူနေထိုင်ရာနေနှင့် ဝေးသည့်နေရာတွင် ထားသိုထားရမည်။
- ငလျင်လှုပ်သည့်အခါတွင် စားပွဲ သို့မဟုတ် ခုတင်အောက်တွင် ဝင်ရောက်ခိုအောင်းနိုင်လောက်သည်ထိ ထိုအရာများ ခိုင်ခံ့အောင် ပြုလုပ်ထားရမည်။
- အကယ်၍ ငလျင်လှုပ်နေချိန် အပြင်ဘက်တွင်ရှိနေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဓာတ်အားလိုင်းများ စသည်တို့နှင့်ဝေးသော အကာအကွယ်အောက်တွင် ပုန်းခိုပါ။

**ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရမည့်အစီအမံများ**

- သွေးထွက်ကာ ပွန်းပဲ့ခြင်းကဲ့သို့သော ထိခိုက်ဒဏ်ရာရရှိသွားသောသူများကို ကုသရန်အတွက် ရှေးဦးသူနာပြုကိရိယာများကို အသုံးပြုရမည်ဖြစ်ပြီး အပြင်းအထန်ဒဏ်ရာရသူများကို အန္တရာယ်မှ လွတ်ကင်းစေရန်အတွက် သင့်လျော်သောဆေးဘက်ဆိုင်ရာ အကူအညီများ ရောက်ရှိလာသည်ထိ ရွှေ့ပြောင်းခြင်းမပြုဘဲ ငြိမ်သက်စွာထားရပါမည်။
- ထိခိုက်ထားသောလူနာသည် အသက်မရှူနိုင်ပါက အရေးပေါ်အသက်ကယ်နည်းလမ်းဖြင့် ပြုစုပေးရမည်ဖြစ်သည်။ ပြုတ်ကျနေသော စင်များနှင့် ပြုတ်ကျသည့်ပစ္စည်းများတွင် ထိရှနိုင်သောပစ္စည်းများပါနိုင်သည့်အတွက် ဂရုတစိုက်ရှောင်ရှားသွားရမည့်အပြင် အုတ်ဖြင့်ပြုလုပ်ထားသော အက်ကွဲပျက်စီးနေသောနံရံများကို ရှောင်ရှားသွားရပါမည်။
- ပင်မဓာတ်ငွေ့ပိုက်လိုင်းများ အနီးတွင်နေထိုင်ပါက အဆို့ရှင်များမှ ဓာတ်ငွေ့များ ယိုစိမ့်မှုရှိ၊ မရှိ ကနဦးစစ်ဆေးရပါမည်။ ပျက်စီးနိုင်ခြေရှိလျှင် ပင်မပါဝါခလုတ်ကို ပိတ်ရမည်ဖြစ်ပြီး ပျက်စီးနေသော စက်ပစ္စည်းများကို ပြုပြင်မွမ်းမံပြီးသည်ထိ ပင်မခလုတ်ကိုပိတ်ထားရပါမည်။
- ပြိုကျနေသော ဓာတ်အားလိုင်းများနှင့် ၎င်းနှင့်ထိတွေ့နေသော အရာဝတ္ထုသို့မဟုတ် စက်ပစ္စည်းတစ်ခုခုနှင့် ဝေးဝေးနေရမည်။

**ငလျင်၏သက်ရောက်မှုများ**

ငလျင်၏ သက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

- မြေပြင်တုန်ခါခြင်း- ငလျင်ဗဟိုချက်အနီးရှိ မြေပြင်လှိုင်းများသည် ငလျင်ကြောင့် တုန်ခါလာသည်။ မြေပြင်တုန်ခါမှုပြင်းထန်မှုသည် ကြာချိန်၊ ဒေသဆိုင်ရာဘူမိဗေဒနှင့် အကွာအဝေးပေါ်တွင် မူတည်သည်။
- လူလုပ်အဆောက်အအုံများ၊ ဖွဲ့စည်းပုံများ ငလျင်ကြောင့်ပျက်စီးခြင်း။
- မီးလောင်ကျွမ်းမှုနှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ လူသားတို့နေထိုင်ရာနေရာများသို့ ဖိတ်စဉ်ခြင်း။

**Seismograph နှင့် Richter scale ကွာခြားချက်**

ငလျင်တိုင်းတာမှု ရစ်ချ်တာစကေးကို ငလျင်၏ တုန်ခါမှုကို တိုင်းတာခြင်းနှင့် မှတ်တမ်းတင်ခြင်းအတွက် အသုံးပြုသည်။ ငလျင်၏ပြင်းထန်မှုကို ညွှန်ပြရာတွင် အသုံးပြုပြီး မြေငလျင်နှင့် မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်သည့် ငလျင်လှိုင်းများကဲ့သို့ မြေပြင်နှင့် ဆက်စပ်နေသော ရွေ့လျားမှုများကို တိုင်းတာရာတွင် အသုံးပြုသည်။ ငလျင်အတွင်း ထွက်လာသည့် စွမ်းအင်ကို တိုင်းတာရန်အတွက်ကိုမူ Seismograph ကို အသုံးပြုသည်။

မြေငလျင်များသည် ကမ္ဘာမြေပေါ်ရှိ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သော်လည်း အများစုတွင် ၎င်းသည် လှုပ်ရှားနေသော ပြတ်ရွေ့များရှိသည့် အနီး၌ ဖြစ်ပေါ်လေ့ရှိသည်။ ထို့ပြင် ငလျင်ဇုန်ဆိုသည်မှာ မြေငလျင်အများစုလှုပ်ခတ်သည့် အနီးတစ်ဝိုက် မြေမျက်နှာပြင်ပေါ်ရှိဇုန်ကို ငလျင်ဇုန်အဖြစ် သတ်မှတ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Earthquake - Protection, Definition, Causes, Effects, Precaution ကို ဘာသာပြန်ဆိုပါသည်။**

**မေဇင်ထွန်း**

# နမ့်ခမ်းမြို့နယ် ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နမ့်ခမ်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန့်ဆွမ်းကျေးရွာအုပ်စု ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ ကောင်းနောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။


အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ သဲဖြန့်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူဦးရေ ၂၁၃ ဦးတို့၏ လယ်ယာမြေဧက ၂၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**

0w Kw d @

# နေ့တစ်နေ့ရဲ့ မတူတဲ့အချိန်

ဆလိုင်းသန်းဇော်ဝင်း




(၁)

ဦးမြအောင်နဲ့ ဦးငွေမောင်တို့နှစ်ယောက်က သူငယ်ချင်းတွေ။ ဟိုးငယ်ငယ်လေးကတည်းက သူငယ်ချင်းအရင်းခေါက်ခေါက်တွေပါ။ သူငယ်ချင်းလို့ဆိုပေမဲ့ အကျိုးတူ အားပေးဖော်သူငယ်ချင်းကောင်းတွေတော့ မဟုတ်ခဲ့ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် မတွေ့လိုက်နဲ့ တွေ့လိုက်ပြီဆိုတာနဲ့ စောင်းလား၊ မြောင်းလား၊ ထေ့လား၊ ငေါ့လားနဲ့။ ပြိုင်ဆိုင်လိုစိတ် အင်မတန်ရှိကြတယ်။ အထူးသဖြင့် ဦးငွေမောင်က စီးပွားရေးလေးရှိတော့ ပိုဆိုးသေးတယ်။ သူငယ်ချင်းတွေအပေါ်မှာ နိုင်ထက်စီးနင်းလုပ်ချင်တယ်။

"ရော့ မြအောင်။ အရက်တစ်လုံးသွားဝယ်ကွာ။ ဒါက ငါ့အတွက် ကွမ်းနှစ်ရာဖိုးပါဝယ်ခဲ့ပေး"

"ဟ ဘာဆိုင်လို့ ငါကသွားဝယ်ပေးရမှာလဲကွ။ မင်းတို့ဘာသာ သွားဝယ်ကြပါ့လား။ ငါက သောက်တာလဲ မဟုတ်ဘူး"

"အေးလေကွာ။ မင်းက အားနေတဲ့လူမို့လို့ပါ။ လုပ်ပါ သွားပေးစမ်းပါကွ။ ပြီးရင် မင်းလဲ အမြည်းလာစားကွာ"

"တော်ပြီကွာ။ အိမ်မှာ အလုပ်တွေရှိသေးတယ်ကွ။ ငါပြန်ပြီ"

ဦးမြအောင်နဲ့ ဦးငွေမောင်တို့က အိမ်နီးနားချင်းတွေလဲဖြစ်တယ်။ အိုးခွက်ပန်းကန်၊ ထွန်သွား၊ ဘဲနှုတ်သီး၊ ထမ်းပိုး၊ လှည်း၊ ဓားကအစတစ်အိမ်နဲ့တစ်အိမ် ငှားရမ်းအသုံးပြုကြတယ်။ တစ်အိုးတစ်အိမ်ထူထောင်ခါစ အိမ်ထောင်နုလေးတွေရဲ့ထုံးစံပေါ့။ သူတို့ မိသားစုနှစ်စုကြားမှာ ရန်ဖြစ်တာတို့ ဆဲဆိုရမ်းကားတာတို့တော့ မရှိကြဘူး။ အတွင်းစိတ်က ပြိုင်ဆိုင်နေကြ၊ ငြူစူစောင်းမြောင်းနေကြပေမဲ့ ကြီးကြီးကျယ်ကျယ်ရန်ဖြစ်တာမျိုးတော့ တစ်ခါမှမရှိဖူးဘူး။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ သဘောမျိုး အမှီသဟဲပြုပြီး နေကြရတာ။

(၂)

ဦးထွန်းခေါင်ဆိုတာက ဗေဒင်ဆရာ။ မြို့ပေါ်မှာ နာမည်ကြီး။ နယ်ကလူတွေ တော်တော်များများက သူ့ဆီမှာပဲ အခက်အခဲရှိတိုင်း ဗေဒင်သွားမေးကြတာ။ ဒါတောင်မှပဲ မေးချင်တိုင်းမေးလို့မရဘူး။ သူက ခရီးလွန်နေတတ်သေးတယ်။ ရက်ချိန်းယူပြီး မေးကြရတာ။ တစ်ခါတလေလဲ မေးတဲ့သူတွေများနေရင် စောင့်နေကြရသေးတယ်။ ဦးငွေမောင်ကိုယ်တိုင် နှစ်ကြိမ်ရှိပြီ။ မြို့ကိုသွားပြီး ဗေဒင်သွားမေးတာ တော့တော့ဆိုင်ဆိုင်မတွေ့လို့ ပြန်လာခဲ့ရတာတွေချည်းပဲ။

"မပူပါနဲ့မိန်းမရာ။ သစ်တွေလဲစုံနေပါပြီ။ လက်သမားတွေကိုလဲ ပြောထားပြီးသား။ ဘယ်နေ့တိုင်ထူရမလဲဆိုတာသာ ဆရာထွန်းခေါင်နဲ့ မတွေ့သေးလို့"

"အနို့ တော့်သူငယ်ချင်းကိုမြအောင်ကို မတိုင်ပင်တော့ဘူးလား။ သူတို့လဲအိမ်ဆောက်မယ်ပြောတယ်"

"ဘာတိုင်ပင်စရာလိုမလဲကွာ။ ဒီကောင် ငါ့ကိုလိုက်ပြိုင်ချင်နေတာ။ ငအေပါ။ ငါ့ကိုများ ဟိုဟာမဝယ်နဲ့၊ ဒီဟာမလုပ်နဲ့ ဆရာကြီးက လာလုပ်ချင်သေးတယ်။ ကြည့်လေ အခု သူ့မှာ စျေးကြီးမိပြီမလား။ ကြည့်ထား သူထက် အရင်ပြီးအောင် ဆောက်ပြမယ်"

ဒါက ဦးငွေမောင်တို့အိမ်မှာ ကြားနေရတဲ့စကားသံတွေပါ။ တစ်ခါ။ ဦးမြအောင်တို့ အိမ်ဘက်ကလဲ ကြားရပြန်တယ်။

"ငွေမောင် ငါ့စကားကို တန်ဖိုးမထားဘူးကွာ။ ဒီကောင် ဘာတွေကျိတ်လုပ်နေလဲ မသိဘူး။ အရင်လို ဖော်ဖော်ရွေရွေမရှိလှဘူး။ လူကို မကျေနပ်သလိုလို၊ ဘာလိုလိုနဲ့"

"ထားလိုက်ပါ ယောက်ျားရာ။ စေတနာကိုမှ နားမလည်ဘဲ"

"ထားပါတယ်။ သူ့အတွက်ပြောလို့ပြောပေးမှန်းလဲမသိတဲ့ကောင်။ နေပေါ့။ ငါတို့က ဆယ်ဆတောင်ကင်းကင်းနေနိုင်သေးတယ်"

ဒီကိစ္စနဲ့ပက်သတ်ပြီး သူတို့မိသားစုနှစ်ခုဟာ မခေါ်နိုင်မပြောနိုင် ဖြစ်လာကြတယ်။ အရင်ကဆို စိတ်ထဲကမပါတောင် ခေါ်ပြောနှုတ်ဆက်တော့ ပြုံးပြကြပါသေးတယ်။ အခုတော့ မေးထူးခေါ်ပြောတောင် မရှိကြတော့ဘူး။ တစ်ဖက်က ပြိုင်ဆိုင်လိုစိတ်တွေကြီးစိုးနေသလို တစ်ဖက်ကလဲ စေတနာကနေ ဝေဒနာခေါင်းစဉ်နဲ့ မကျေနပ်စိတ်တွေ မွေးမြူထားတယ်။

(၃)

ဒီတစ်ခေါက်တော့ ဦးငွေမောင်မြို့တက်သွားတာ ဆရာထွန်းခေါင်နဲ့ တွေ့ခဲ့ရတယ်။ တိုင်ထူဖို့ နေ့ကောင်းရက်မြတ်လဲ တွက်ချက်ခဲ့ရတယ်။ စနေနေ့ မနက် ၆ နာရီတဲ့။ တစ်ရွာလုံး ဟိုးလေးတကျော်ဖြစ်နေတယ်။ အထူးသဖြင့် ဦးမြအောင်တို့ကြားအောင်၊ မသိသိအောင် တမင်အသံလွှင့်နေတာ။

"မယ်လှ၊ မယ်မြ၊ ရင်လှတို့အားလုံး တိုင်ထူမဲ့နေ့ကျရင် လာခဲ့ကြနော်။ ကလေးတွေပါခေါ်ခဲ့ကြ။ ပေါင်မုန့်နဲ့ နို့ဆီကျွေးမှာ။ ဟား ဟား ဟား ကိုယ့်ရှိလို့ ကိုယ်ကျွေးနိုင်တာပေါ့ဗျာ။ ဘယ်သူ့မှ ဂရုစိုက်စရာမလိုပါဘူး။ အေးအေး ချစ်ခိုင်တို့၊ မင်းမောင်တို့ကတော့ သတ်သတ်တစ်ဝိုင်းပေါ့ကွာ။ မင်းတို့သောက်ချင်တာသာပြောလိုက်။ ဟား ဟား ဟား"

တစ်ဖက်အိမ်ကလူတွေကို ရိသလိုလိုပြောလိုက်၊ နှိမ်သလိုလိုပြောလိုက်နဲ့ စကားတွေနဲ့ ထိုးဆွနေတယ်။ ဦးမြအောင်တို့မိသားစုမှာ အံကြိတ်ပြီး သည်းခံနေကြရတယ်။

"ယောက်ျား ငါတို့ကော တိုင်ထူဖို့ ဗေဒင်လေး ဘာလေး သွားမေးကြည့်အုံး"

"ဖြည်းဖြည်းပေါ့ မိန်းမရာ။ သင်းတို့ ဆောက်ကြပါစေအုံး။ ဆရာထွန်းခေါင်က တွေ့ဖို့မလွယ်ဘူးကြားတယ်။ အေးလေ သွားတော့ကြည့်ရမှာပဲ"

ဒီလိုနဲ့ ဦးမြအောင်လဲ ဗေဒင်မေးဖို့ မြို့ကိုတက်သွားပြန်တယ်။ သူတည်းခိုတာကတော့ သူ့ရဲ့ဘကြီး ဘုန်းကြီးကျောင်းမှာ။ လူ့ဖွယ်ပစ္စည်းတွေလှူ၊ သာကြောင်းမာကြောင်းတွေ ပြောပြီးတော့ လာရင်းကိစ္စကို လျှောက်ထားမိတယ်။ ပြီးတော့ ဦးမြအောင်က ဦးငွေမောင်တို့ စနေနေ့ မနက် ၆ နာရီမှာ တိုင်ထူမဲ့အကြောင်းလဲ ပြောလိုက်မိတယ်။ ဒီအခါ ဆရာတော်က မိန့်ကြားတယ်။

"ဗေဒင်ဆရာက ဒီအတိုင်းပဲ တကယ်ဟောလိုက်သလားဟေ့"

"မှန်ပါ့။ အဲဒီလိုကြားတာပဲဘုရား"

"ဟေလကွာ စနေနေ့က ရက်ကောင်းရက်မြတ်ဆိုတာတော့မှန်တယ်။ ဗေဒင်ကျမ်းတွေအရဆိုရင် ရက်ရာဇာနေ့မှာလဲ မကောင်းတဲ့အချိန်နာရီဆိုတာ ရှိတယ်ဒကာရဲ့။ ပြဿဒါးနေ့မှာလဲ ကောင်းတဲ့အချိန်ကောင်း၊ နာရီကောင်းဆိုတာရှိတယ်။ တစ်နေ့လုံး ကောင်းနေတာမျိုး၊ ဆိုးနေတာမျိုးမရှိဘူးကွဲ့"

"မှန်ပါ့ဘုရား။ တပည့်တော်ကို မေတ္တာရှေ့ရှုပြီး မိန့်ကြားပေးပါဘုရား"

"မင်းပြောတဲ့ဒကာဟာ တကယ်ပဲ စနေနေ့ မနက် ၆ နာရီမှာ တိုင်ထူမယ်ဆိုရင် မပြီးမြောက်ဘဲ ကြန့်ကြာနေလိမ့်မယ်ကွဲ့။ မှတ်ထားနော်။ အဲဒီနေ့ကိုပဲ ငါတွက်ပေးလိုက်မယ်။ နေ့လယ် ၁၂ နာရီအချိန်မှာ တိုင်ထူကွယ်။ အားလုံးပြီးမြောက်လိမ့်မယ်ကြားလား"

(၄)

ဦးမြအောင် ရွာပြန်လာတယ်။ စနေနေ့မွန်းတည့် ၁၂ နာရီမှာ တိုင်ထူမဲ့အကြောင်း သူ့မိန်းမကို ပြောလိုက်တယ်။ နောက်တော့ တစ်ရွာလုံးလိုပါပဲ သိသွားကြတယ်။

"အရူးတွေ။ နေ့လယ်အချိန်ကြီး တိုင်ထူတော့ ဘယ်အချိန်အလုပ်လုပ်မလဲ။ ထမင်းလွတ်ဟင်းလွတ်ကို ရှူးတဲ့မိသားစုကွာ ဟား ဟား ဟား"

"ပြိုင်မယ်ဆိုလဲ ရိုးရိုးလိုက်ပြိုင်တာမဟုတ်ဘူး။ သူတို့ကျပ်မပြည့်တာ တစ်ရွာလုံးသိကုန်ပြီ"

"ဟုတ်ပါ့ကွာ။ ဟုတ်ပါ့ ဟုတ်ပါ့"

ဦးငွေမောင်တို့ အရက်ဝိုင်းက ထွက်ပေါ်လာတဲ့ စကားသံတွေပါ။ ဦးမြအောင်တို့လင်မယားမှာ ထုံးစံအတိုင်း အံကြိတ်ပြီးသာနေရတယ်။ တောက်တစ်ချက်ခေါက်လိုက်ပေမဲ့ အော်ဆဲတာတို့၊ ရန်တွေ့တာတို့တော့ သူတို့မလုပ်ဘူး။

"တွေ့ကြသေးတာပ။ စောင့်ကြည့်ရသေးတာပ" ဆိုပြီး လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ပြီးသာ တီးတိုးပြောနေကြတယ်။ အဲဒီနေ့ တစ်ညနေလုံး၊ တစ်ညလုံးပဲဆိုပါတော့လေ။ ဦးငွေမောင်တို့ အရက်ဝိုင်းကတော့ ပွဲညံလို့နေတယ်။ ဦးမြအောင် ညံ့ဖျင်းတဲ့ အကြောင်းတွေကိုပဲ မြိန်ရေရှက်ရေ အမြည်းလုပ်စားရင်း အရက်နဲ့မြှောချကြလေရဲ့။ ဦးမြအောင်မှာလဲ သက်ပြင်းကိုအခါခါချလို့ နဖူးပေါ်လက်တင်ရင်း တော်တော်နဲ့အိပ်မပျော်ဘူး။ နောက်တော့ ရှက်စိတ်နဲ့ ဒေါသစိတ်ကို လည်မှာဆွဲလို့ အိပ်ပျော်သွားတယ်။

(၅)

ဒီနေ့ စနေနေ့။ ဦးငွေမောင်တို့အိမ်မှာ အိမ်တိုင်ထူဖို့ လက်သမားတွေ လူစုံတက်စုံရောက်နေကြပြီ။ မနက် ၆ နာရီမှာ တိုင်ထူပြီးရင် ပေါင်မုန့်နဲ့နို့ဆီကျွေး၊ နောက် လုပ်စရာရှိတာဆက်လုပ်ကြပေါ့လေ။ သူတို့အစီအစဉ်ချထားတာပါ။ သူတို့တွေတိုင်ထူမလို့ပြင်တုန်း ရှိသေးတယ်။ ဧည့်သည်တွေရောက်လာလို့ ဦးငွေမောင် ထွက်တွေ့ရတယ်။

"ဘာကိစ္စများရှိလို့လဲခင်ဗျာ"

"ကျွန်တော်တို့ သတင်းရထားလို့ပါ။ ဦးငွေမောင် ဒီသစ်တွေ ဘယ်ကထုတ်တာပါလဲ"

"ဗျာ ဟို ဟို"

သူတို့တွေ အပြန်အလှန်စကားပြောကြတယ်။ လူကြီးမင်းတွေမေးတာက နည်းနည်းရယ်ပါ။ ဦးငွေမောင်ဖြေနေတာတွေက ဟိုရောက်လိုက် ဒီရောက်လိုက်။

"ကဲ. . . မေးစရာလေးတွေရှိလို့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပေးပါ ဦးငွေမောင်"

ဦးငွေမောင်က လက်သမားတွေကို သူပြန်လာမှ ဆက်လုပ်မဲ့အကြောင်း၊ ခဏလိုက်သွားရမဲ့အကြောင်း ပြောခဲ့ပြီး လိုက်သွားရတယ်။ ခဏနေတော့ သူချက်ချင်း ပြန်ရောက်လာတယ်။

"ပြဿနာတွေရှိနေလို့ အိမ်ဆောက်ခွင့်မရသေးဘူးဗျာ" လို့ပြောပြီး လက်သမားတွေကို ပြန်လွှတ်လိုက်ရတယ်။ မွန်းတည့် ၁၂ နာရီရောက်တော့ ဦးမြအောင်တို့ အိမ်တိုင်ထူကြပါပြီ။ အားလုံးအေးဆေးပါပဲ။ ချောချောမောမောနဲ့ ပြီးမြောက်သွားတယ်။ ဒီတစ်ခါ မကျေမနပ်ဖြစ်ရသူက ဦးငွေမောင်။ သူ့ပြဿနာက ဘယ်နှလ၊ ဘယ်နှနှစ်ထိ ဖြေရှင်းရအုံးမယ်မသိဘူး။

"မင်းတို့ပဲ စဉ်းစားကြည့်ကွာ။ ဒီလိုနီးကပ်ခါမှ ဘယ်သူထင်ထားမှာလဲ"

"အေးလေကွာ။ ဘယ်သူကများ ချွန်တွန်းလုပ်လိုက်တယ် မသိဘူး"

"မသိတော့ပါဘူးကွာ။ ငါလဲ စျေးမဆိုးဘူးဆိုပြီး ဝယ်လိုက်မိတာ။ ဒီလိုမှန်းသိရင် မဝယ်ပါဘူး။ သတင်းကလဲ ဘယ်လိုပေါက်ကြားသွားတယ် မသိဘူး"

အရက်ဝိုင်းက စကားသံတွေ လွှင့်ပျံ့နေတယ်။ ဦးမြအောင်ကတော့ အိပ်ရာထဲမှာ ပြုံးနေတယ်။ ဒါပေမဲ့ သူ့မျက်နှာမှာ ဒေါသရိပ်တွေ မပြယ်သေးဘူး။ ဦးငွေမောင်နဲ့ ဦးမြအောင်တို့နှစ်ယောက် ဘယ်သူ့ကို အပြစ်ဆိုရမယ်မသိနိုင်ဘူးလေ။

# ရောဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ဒီဇင်ဘာ ၂ ရက်မှ ၁၇ ရက်ထိ ရေထွက်ကုန်ပစ္စည်းသုံးမျိုး တန်ချိန် ၉၃၀၀၀၀ တင်ပို့ရောင်းချခဲ့



**ပုသိမ် ဒီဇင်ဘာ ၁၈**

ရောဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ဒီဇင်ဘာ ၂ ရက်မှ ၁၇ ရက်ထိ တန်ချိန် ၉၃၀၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ရောဝတီတိုင်းဒေသကြီးရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ ဈေးကွက်တာဝန်ခံ ဦးသက်နိုင်က ပြောပြ၍ သိရသည်။

ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေပြီး ဒီဇင်ဘာ ၂ ရက်မှ ၁၇ ရက်ထိ ၁၅ ရက်အတွင်း ငါးတန်၊ ပုစွန်၊ ငါးရှဥ့်တို့ကို တန်ချိန် ၉၃၀၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးတန်၊ ပုစွန်၊ ငါးရှဥ့် ဟူသည့် ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို တန်ချိန် ၅၇၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရောဝတီတိုင်းဒေသကြီးက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဘက် အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို တန်ချိန် ၉၃၀၀၀၀ တင်ပို့ထားပြီဖြစ်တယ်။ ရန်ကုန်ဘက်ကလဲ ရေထွက်ကုန်တွေ အမှာများနေတယ်။ ရေထွက်ကုန်တွေကို အရင်က ငါးရက်မှတစ်ကြိမ်တင်ပို့ရောင်းချနေရတာပါ။ အခု သုံးရက်တစ်ကြိမ်ထိ တင်ပို့ရောင်းချနေရတယ်။ ရေထွက်ကုန်တွေ အများအပြား တင်ပို့ရောင်းချနေရပေမဲ့ ဈေးနှုန်း အပြောင်းအလဲကတော့ သိပ်မရှိပါဘူး။ အရောင်းအဝယ်ကောင်းလုပ်ငန်းတွေ သွက်သွက်လေးလည်ပတ်လာတော့လုပ်သားတွေ၊ အလုပ်ရှင်တွေ အဆင်ပြေလာတာပါ"ဟု ဦးသက်နိုင်က ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကို ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူစစ်ဆေးပြီး ကုန်တင်ကားများ၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချနေရသည့် ရေထွက်ကုန်ပစ္စည်းသုံးမျိုးသည် ဒီဇင်ဘာ ၂ ရက်မှ ၁၇ ရက်ထိ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၊ ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၀၊ ငါးရှဥ့်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သိန်းနီမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဖိနပ်ချုပ်သင်တန်းဖွင့်

**သိန်းနီ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံဖိနပ်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေခံဖိနပ်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းကသင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာမှတ်သားလိုက်နာပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်ထိ လေ့လာဆည်းပူးသွားရန် မှာကြားသည်။



ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူ၊ သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခြေခံဖိနပ်ချုပ်သင်တန်းသို့ သိန်းနီမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံဖိနပ်ချုပ်နည်းသင်ခန်းစာများကို ကျွမ်းကျင်ဆရာနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဘားအံမြို့နယ် နိုင်းကြာ(ကော့ယာမွန်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် နိုင်းကြာ(ကော့ယာမွန်) ကျေးရွာ၌ ကျေးရွာအဝင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နိုင်းကြာ (ကော့ယာမွန်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဖြည့်စွက်မှာကြားသည်။

ဘားအံမြို့နယ် နိုင်းကြာ (ကော့ယာမွန်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ်သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၅၀ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၆၀၀ ဖြင့် အရှည်ပေ ၂၄၅၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်၊ လူ ၆၄၃ ဦးတို့အတွက် သွားလာရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။

**သူသူ**

## သာသနာဝေစည် မြန်မာပြည်

- အဆုံးအမ ဘုရားကဟု
မှတ်ရအခါခါ တို့ကမ္ဘာဝယ်
မြန်မာဟူသည် ထိပ်ဆုံးမိ၍
သက်တည်ဝါများ လေးဆယ့်ငါးနှင့်
များပြားဓမ္မာ ခါရေရှစ်သောင်း
သစ်လောင်းလေးထောင် တည်တံ့အောင်ဟု
ရည်ဆောင်ပိဋကတ် သုံးရပ်မှတ်၏
လေးမြတ်စရာ တို့ဘာသာတည်း။

- ဇရာဆင်းရဲ မရဏလွဲဟု
ရမြဲနိဗ္ဗာန် တောင်းဆုပန်သည်
ဟန်ပန်ရှုမငြီး သိယ်သူ့သမီးက
တစ်နည်းကျောက်စာ ရေးထိုးပါလို့
ရှေးခါအရိမဒ္ဒန သက်သေပြ၏
ဗုဒ္ဓဘာသာထွန်းကားရာတည်း။

- မင်းတုန်းဘုရင် ပဉ္စမတင်၍
ဆင်ယင်မှုမှာ သင်္ဂါယနာဟု
ကျောက်စာပိဋကတ် ရေးကာမှတ်လို့
ထင်ဟပ်သည့်နှုန်း အကြီးဆုံးတည့်
သုံးနှုန်းစာအုပ် တည်သမုတ်ကာ
အားထုတ်ရည်မှန်း ဂုဏ်ရောင်လွှမ်းသည်
ဝမ်းမြောက်စရာ မြို့မန္တလာတည်း။

- သူ့ကျွန်ဘဝ လွတ်လပ်ရ၍
ဆဋ္ဌနိဿရည်း တင်ကာပြီးလို့
ဝန်ကြီးဦးနု ခေါင်းဆောင်ပြုကာ
ပေါင်းစုရည်မှန်း ညောင်ရမ်းဆရာတော်
ဂုဏ်ရည်ကျော်နှင့်
ထွန်းပေါ်မဟာစည် ကြွချီကာမျှ
ဘိဝံသတို့
ဓမ္မဘဏ္ဍာ ဘွဲ့တော်လာသည့်
ဆရာတော်များ ချီးမြှင့်ထားသည်
ထွန်းကားသာသနာ့မျိုးမြန်မာတည်း။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အီရန်နှင့် ဆော်ဒီတို့ကို သတိထားဆက်ဆံနေသော တရုတ်

ဝင်းဇင်(သုတေသန)



လွန်ခဲ့သော သီတင်းပတ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ဆော်ဒီအာရေဗျခရီးစဉ်သည် သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့သည်။ ရှီကျင့်ဖျင်သည် ဒေသတွင်း အဓိကအစည်းအဝေးကြီးသုံးခုဖြစ်သည့် ဆော်ဒီ-တရုတ်ထိပ်သီးဆွေးနွေးပွဲ၊ တရုတ်-ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)ထိပ်သီးဆွေးနွေးပွဲနှင့် တရုတ်-အာရပ်ထိပ်သီးဆွေးနွေးပွဲများတက်ရောက်ရန်အတွက် ဆော်ဒီသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ရှီကျင့်ဖျင်နှင့် ဆော်ဒီဘုရင်ဆယ်လ်မန်တို့သည် တရုတ်-ဆော်ဒီ အပြန်အလှန်ဆက်ဆံရေးတွင် ခေတ်သစ်တစ်ရပ်ဖွင့်လှစ်နိုင်မှုအပေါ် ကြိုဆိုခဲ့ကြသည်။

တရုတ်-ဆော်ဒီချစ်ကြည်ရင်းနှီးမှုသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲလာသောခေတ်သစ်တစ်ရပ်သို့ရောက်ရှိလာပြီဖြစ်ကြောင်းကို ရှီကျင့်ဖျင်၏ခရီးစဉ်က မီးမောင်းထိုးပြသခဲ့သည်။ သို့သော် တရုတ်-ဆော်ဒီ ချစ်ကြည်ရင်းနှီးမှုခိုင်မာလာခြင်းသည် တရုတ်နိုင်ငံ၏ ပင်လယ်ကွေ့မိတ်ဖက်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံအတွက် သိသာထင်ရှားသောဆိုးကျိုးသက်ရောက်မှုများရှိလာစေမည်ဖြစ်သည်။ တီဟီရန်သည် ဆော်ဒီနှင့် အင်အားပြိုင်ဆိုင်လျက်ရှိသည်မှာ ကာလရှည်ကြာနေပြီဖြစ်သည်။

ဆော်ဒီအာရေဗျ၊ အီရန်နှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် သိမ်မွေ့နက်နဲလျက်ရှိသည်။ တရုတ်ခေါင်းဆောင်များသည် ကြားနေဝါဒကျင့်သုံးမှုနှင့် စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာအကျိုးစီးပွားများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် တီဟီရန်၊ ရီယာဒ်တို့နှင့်ဆက်ဆံရာတွင် သတိထားကိုင်တွယ်ရလျက်ရှိသည်။ တရုတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသတွင် သံတမန်ထိုးစစ်ဆောင်ရွက်လျက်ရှိသဖြင့် ဆော်ဒီ-အီရန်အငြင်းပွားမှုတွင် ဘက်လိုက်ရပ်တည်မှုများရှိလာနိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့်နီးကပ်သော ဆက်ဆံရေးထူထောင်ထားသော်လည်း မကြာသေးမီနှစ်များအတွင်း ဆော်ဒီအာရေဗျသည် ဒေသတွင်းရှိ ပေကျင်း၏မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံအဖြစ်ပေါ်ထွက်လာပြီဖြစ်သည်။ တရုတ်တာဝန်ရှိသူများသည် နှစ်ဖက်စလုံးနှင့်ဆက်ဆံရေးထိန်းသိမ်းလျက်ရှိကြောင်းကို ရှီကျင့်ဖျင်၏ခရီးစဉ်က ဖော်ပြလျက်ရှိသည်။

ပေကျင်းသည် ပင်လယ်ကွေ့ပြိုင်ဆိုင်မှုနှင့် ခပ်ကင်းကင်းနေထိုင်နိုင်ရန် အသည်းအသန်ကြိုးပမ်းလျက်ရှိသည်။ သို့သော် အီရန်နှင့်ဆော်ဒီတို့ကြား တစ်ဖက်ဖက်ကို လိုက်ပါသွားမည်ဆိုလျှင် အခြားတစ်ဖက်တွင် ဆိုးကျိုးသက်ရောက်မှုများရှိလာစေမည်ဖြစ်သည်။ သာဓကအနေဖြင့် ဆော်ဒီသည် အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိသော တရုတ်ကာကွယ်ရေးပစ္စည်းများ ဝယ်ယူသွားမည်ဆိုသော ကောလာဟလ သတင်းများထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် တီဟီရန် သို့မဟုတ် ရီယာဒ်ကို အခွင့်အလမ်းပိုပေးသည့် အမြင်သဘောထားကိုရှောင်ရှားနိုင်ရန်အတွက် တရုတ်နိုင်ငံသည် သံခင်းတမန်ခင်းအရထိတွေ့ဆက်ဆံမှုနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် သာတူညီမျှဆောင်ရွက်နိုင်ရေးမူဝါဒကို တက်ကြွစွာဆက်လက်ဖော်ဆောင်လျက်ရှိသည်။

သာဓကအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ရှီကျင့်ဖျင်သည် ဆော်ဒီအာရေဗျ၊ အီရန်နှစ်နိုင်ငံစလုံးနှင့် ပြီးပြည့်စုံသောမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပေကျင်းသည် အီရန်၊ ဆော်ဒီအာရေဗျတို့နှင့်သီးခြားစီ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။ မှားယွင်းသောသတင်းစကားများ ပေါ်ထွက်မလာစေရန်အတွက် သီတင်းပတ်အနည်းငယ်ခြားလျက် နှစ်နိုင်ငံစလုံးနှင့် စစ်ရေးလေ့ကျင့်ခန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျသို့ သွားရောက်သည့် ရှီကျင့်ဖျင်၏ ခရီးစဉ်ပြီးဆုံးသော ဒီဇင်ဘာ ၁၀ ရက်တွင် တီဟီရန်ရှိ တရုတ်သံအမတ်ကြီးက တရုတ်ဒုတိယဝန်ကြီးချုပ် ဟူချွန်းဟွာသည် အီရန်သို့လာရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပေကျင်းအနေဖြင့် အီရန်၊ ဆော်ဒီတို့နှင့်ဆက်ဆံရာတွင် နည်းဗျူဟာမြောက် ထိတွေ့လျက်ရှိသော်လည်း တီဟီရန်နှင့် ရီယာဒ်တို့သည် အခြားတစ်နိုင်ငံနှင့်ဆက်ဆံသည့်အချိန်တွင် တရုတ်နိုင်ငံအပေါ် မကျေနပ်မှုထုတ်ဖော်ပြသလေ့ရှိသည်။ ရှီကျင့်ဖျင်၏ ဆော်ဒီခရီးစဉ်ထွက်ပေါ်လာပြီးနောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ဒီဇင်ဘာ ၁၂ ရက်တွင် တီဟီရန်ရှိ တရုတ်သံအမတ်ကြီးကို ဆင့်ခေါ်ကာ သမ္မတရှီကျင့်ဖျင်၏ခရီးစဉ်ကို ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။ တီဟီရန်သည် GCC နိုင်ငံများနှင့် ပေကျင်း၏ပူးတွဲသဘောထားထုတ်ပြန်ချက်ကို မကျေနပ်ကြောင်း ဖော်ပြလိုသည့်ဆန္ဒရှိနေခဲ့သည်။ အဆိုပါ ပူးတွဲထုတ်ပြန်ချက်သည် အီရန်က စိုးရိမ်ပူပန်လျက်ရှိသော ဟော်မုဇ်ရေလက်ကြားရှိ အငြင်းပွားဖွယ်ရာ ကျွန်းများနှင့်စပ်လျဉ်း၍ GCC ကို ထောက်ခံကြောင်းထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်-GCC ပူးတွဲကြေညာချက်သည် အီရန်နျူကလီးယားပဋိပက္ခ၏အရေးပါမှုအပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားသော လှုပ်ရှားမှုတွင် အီရန်၏ပါဝင်ပတ်သက်နေမှု၊ အကြမ်းဖက်အဖွဲ့အစည်းများကို ပံ့ပိုးမှုနှင့် ဒရုန်းများပျံ့နှံ့နေမှုကို အလေးထားဖော်ပြခဲ့သည်။ ထို့ပြင် ဆော်ဒီအာဏာပိုင်များသည် ၂၀၂၁ ခုနှစ်အတွင်း တီဟီရန်နှင့်တရုတ်နိုင်ငံ၏ ၂၅ နှစ် သဘောတူညီချက်အပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ခဲ့သည်။

မည်သို့ပင်ဆိုစေ ပေကျင်းသည် နှစ်နိုင်ငံစလုံးနှင့် ခိုင်မာအားကောင်းသော စီးပွားရေးထူထောင်ကာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလကတည်းကပင် တရုတ်သည် ဆော်ဒီ၊ အီရန်တို့နှင့်ယုံကြည်မှုတည်ဆောက်ခဲ့သည်။ တီဟီရန် သို့မဟုတ် ရီယာဒ်တို့အနေဖြင့် မကျေနပ်ကြောင်း စောဒကတက်လာသည့်အချိန်တွင် ပေကျင်းသည် သံခင်းတမန်ခင်းအရ အတင်းအလျှော့ပြုလုပ်ကာ ထိတွေ့ဆက်ဆံခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဒီဇင်ဘာလအတွင်း GCC နှင့်ပိုမိုနီးကပ်စွာဆက်ဆံလာခြင်းသည် အီရန်ဘက်က ဆော်ဒီဘက်သို့ ခေတ္တယိမ်းယိုင်လာသလား သို့တည်းမဟုတ် ဆော်ဒီ၏ အဆင့်အတန်းကို အသိအမှတ်ပြုလာသလားဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ စင်စစ်အားဖြင့် ပေကျင်းသည် ဆော်ဒီထက် အီရန်ကိုသာ ပိုမိုအလေးထား ထိတွေ့ဆက်ဆံလျက်ရှိသည်။

ဆော်ဒီနှင့်လက်တွေ့ဆက်ဆံခြင်းသည် အကျိုးစီးပွားဖြစ်ထွန်းမည့်အပြင် အီရန်၏ပြည်တွင်းရေးပြဿနာများကြောင့် ဆော်ဒီအာရေဗျနှင့် GCC သည် တရုတ်တာဝန်ရှိသူများအတွက် ရေတိုကာလ နိုင်ငံရေးဆိုင်ရာဦးစားပေးလုပ်ငန်းဖြစ်နိုင်ပေသည်။ တရုတ်နိုင်ငံသည် အကျိုးအမြတ်ဖြစ်ထွန်းနိုင်သော တွက်ချက်ရင်းနှီးမြှုပ်နှံမှုများကိုသာ လုပ်ဆောင်လေ့ရှိသည်။



အီရန်အနေဖြင့် ရေတိုကာလတွင်မူ တရုတ်နိုင်ငံထံမှ ရင်းနှီးမြှုပ်နှံမှုများရရှိနိုင်မည်မဟုတ်ချေ။ အီရန်နိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများသည် အမေရိကန်၏ပိတ်ဆို့မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေဆဲပင်ဖြစ်သည်။ ထို့ပြင် အီရန်နျူကလီးယား သဘောတူစာချုပ် တိုးတက်မှုမရှိသောကြောင့် တီဟီရန်သည် ပေကျင်း၏ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ရင်းနှီးမြှုပ်နှံမည့် သဘောတူညီချက်များမှ အကျိုးဖြစ်ထွန်းမှုများရရှိနိုင်ရန် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ ပေကျင်းနှင့် တီဟီရန်တို့၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသည် ၂၅ နှစ်ကြာ လမ်းပြမြေပုံချမှတ်ထားရှိပြီး တရုတ်နှင့်ဆော်ဒီတို့၏ဆက်ဆံရေးသည် ငါးနှစ်ခန့်သာရှိသေးသည်။ တရုတ်နိုင်ငံအတွက် အီရန်နှင့် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားခြင်းသည် မဟာဗျူဟာမြောက် ကစားပွဲတစ်ခုဖြစ်ပြီး ရေရှည်ကိုမျှော်တွေးကာ သံတမန်ဆက်ဆံရေးထူထောင်ထားခြင်းဖြစ်သည်။

ရှီကျင့်ဖျင်၏ဆော်ဒီခရီးစဉ်ပြီးနောက် ပေကျင်း၏ဆောင်ရွက်မှုများသည် ဆက်ဆံရေးနယ်ပယ်တွင် ကြားနေဝါဒနှင့် သာတူညီမျှမှုဝါဒကျင့်သုံးလျက်ရှိကြောင်းကို အီရန်သို့ပြသသွားလိုသောကြောင့်ပင်ဖြစ်သည်။ ပထမဆုံးအနေဖြင့် တရုတ်နိုင်ငံသည် အီရန်-ဆော်ဒီ ပြိုင်ဆိုင်မှုတွင် ကြားနေဝါဒကျင့်သုံးမှုပြသရန် တီဟီရန်သို့ ဒုတိယဝန်ကြီးချုပ်တစ်ဦးကို စေလွှတ်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမရှိသော တရုတ်နိုင်ငံ၏ ကာလရှည်ကြာစွဲကိုင်ထားသည့်မူဝါဒကို အလေးထားဖော်ပြလျက်ရှိသည်။ ထို့နောက် ပေကျင်းသည် အီရန်နှင့် တင်းမာမှုလျှော့ချရေးအတွက် နှစ်နိုင်ငံစလုံးနှင့် သံခင်းတမန်ခင်းထိတွေ့ဆက်ဆံရာတွင် သတိထားဆောင်ရွက်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း GCC နှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် ကာလရှည်ကြာ ဖြစ်ပွားလျက်ရှိသော အီရန်-ဆော်ဒီအင်အားပြိုင်ဆိုင်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ တီဟီရန်၊ ရီယာဒ်တို့နှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျ၊ GCC အပြင် အာရပ်ကမ္ဘာနှင့်စီးပွားရေးဆိုင်ရာထိတွေ့ဆက်ဆံမှု တိုးမြှင့်လာခြင်းသည် အီရန်အပေါ် ဖိအားပေးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ တီဟီရန်ရှုထောင့်က ကြည့်မည်ဆိုလျှင် တရုတ်-ဆော်ဒီဆက်ဆံရေး အားကောင်းလာခြင်းသည် ဆော်ဒီအာရေဗျကို အကျိုးဖြစ်ထွန်းစေပြီး အီရန်နိုင်ငံ၏ နိုင်ငံတကာ ရပ်တည်ချက်အပေါ် ဆိုးကျိုးသက်ရောက်စေလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အီရန်နှင့်ဆော်ဒီတို့ကြား သံတမန်ဆက်ဆံရေးကို ဟန်ချက်ထိန်းညှိသွားနိုင်စွမ်းမရှိလျှင် ရေရှည်တွင် ပင်လယ်ကွေ့ဒေသရှိ တရုတ်၏ အကျိုးစီးပွားများအပေါ် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပေသည်။

**ကိုးကား**

- **Can China Contince to Balance Between Saudi Arabia and Iran? by The Diplomat.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့်မုန်ညင်း ဧက ၉၂၃၁၀ စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့်မုန်ညင်း ဧက ၉၂၃၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းဧက ၇၅၀၀၀ နှင့် မုန်ညင်း ဧက ၂၅၅၀၀ စုစုပေါင်း ဧက ၁၀၀၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၂၃၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ပန်းနှမ်းဧက ခုနစ်သောင်းကျော်နဲ့ မုန်ညင်းဧက နှစ်သောင်းကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ကိုးသောင်းကျော် စိုက်ပျိုးပြီးပြီ။ ပန်းနှမ်းနဲ့ မုန်ညင်းကို နှစ်စဉ်စိုက်ပျိုးပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

မုန်ညင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၂၄၄၀၊ တမူးခရိုင်တွင် ၇၄၉၉ ဧက၊ ကလေးခရိုင်တွင် ၅၅၈၈ ဧက၊ ခန္တီးခရိုင်တွင် ၁၈၂ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၅၇၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉၈၈ ဧက၊ မုံရွာခရိုင်တွင် ၄၂၄ ဧက၊ ကန့်ဘလူခရိုင်တွင် ၈၈၉ ဧက၊ ကသာခရိုင်တွင် ၂၆၂၃ ဧက၊ ကောလင်းခရိုင်တွင် ၅၃၄ ဧက စုစုပေါင်း ၂၁၇၄၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၃၂၈၀၊ တမူးခရိုင်တွင် ဧက ၂၁၀၊ ကလေးခရိုင်တွင် ၅၃၈၇ ဧက၊ ခန္တီးခရိုင်တွင် ၅၄ ဧက၊ ဟုမ္မလင်းခရိုင်တွင် ဧက ၇၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၄ ဧက၊ မုံရွာခရိုင်တွင် ၂၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ၈၃၁၄ ဧက၊ ရွှေဘိုခရိုင်တွင် ၃၄၁ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၀၇၃၄ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၁၄ ဧက၊ ကသာခရိုင်တွင် ၁၈၉၁၃ ဧက၊ ကောလင်းခရိုင်တွင် ၂၅၁၄ ဧက စုစုပေါင်း ၇၀၅၆၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မင်းပြားမြို့နယ် ပုလဲတောင်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**မင်းပြား ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ပုလဲတောင်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပုလဲတောင်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော အိမ်ဖြိုးဖြိုး ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ် ပုလဲတောင်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက် ခြောက်ပေ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် အိမ်ဖြိုးဖြိုး ကုမ္ပဏီက ဇွန် ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်ထိ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းထံမှ သိရသည်။ **ကိုသန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အိုတာဂိုနယ်မြေတွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီး



**ဝယ်လင်တန် ဒီဇင်ဘာ ၁၈**

နယူးဇီလန်နိုင်ငံ အိုတာဂိုနယ်မြေအလယ်ပိုင်းသို့ ဒီဇင်ဘာ ၁၇ ရက်က အားကောင်းသည့်လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်ခြေတချို့ပျက်စီးခဲ့ကြောင်း အိုတာဂိုနယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု RNZ သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းသည် အိုတာဂိုနယ်မြေရှိ အလက်ဇန္ဒားမြို့သို့ အဓိက ဖြတ်သန်းတိုက်ခတ်သွားပြီး လူနေအိမ်ခြေတစ်လုံးအိမ်ခေါင်မိုးများ ပျက်စီးသွားကာ အခြေခံအဆောက်အအုံတချို့လည်း ပျက်စီးခဲ့ကြောင်း အိုတာဂိုအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"လေဆင်နှာမောင်း ရုတ်တရက်ဝင်လာတာ တော်တော်ကြောက်စရာကောင်းပါတယ်။ ကျွန်တော့်အိမ်ရဲ့ အိမ်ခေါင်မိုးတစ်ခုလုံး ကွာကျသွားတယ်။ ရုတ်တရက်ဆိုတော့ ဘာမှကြိုတင်ပြင်ဆင်ထားတာမရှိခဲ့ဘူး။ အိမ်ခေါင်မိုးတွေ အချပ်လိုက် လေနဲ့အတူပါသွားတယ်။ ပြတင်းပေါက်မှန်လဲ ကွဲသွားတယ်။ လေတိုက်နှုန်းလဲ ပြင်းသလို မိုးလဲရွာခဲ့တယ်။ လေဆင်နှာမောင်း ဝင်ရောက်ခဲ့ပြီး အချိန်တိုအတွင်း ကယ်ဆယ်ရေးဝန်ထမ်းတွေရောက်လာပြီး ကျွန်တော်တို့ကို ဘေးလွတ်ရာခေါ်ထုတ်ပေးခဲ့ပါတယ်"ဟု အိမ်ပိုင်ရှင် မက်ဒေါ်ဝယ်က ပြောကြားခဲ့သည်။

လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံတချို့နှင့် နေအိမ်တစ်လုံး ပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို ပျက်စီးခဲ့သည့် နေအိမ်မှ ဒေသခံများကိုလည်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ဘေးလွတ်ရာရွှေ့ပြောင်းပေးထားသည်။

"အလက်ဇန္ဒားမြို့မှာ လေဆင်နှာမောင်းဖြတ်သန်းသွားခဲ့ပြီး လူနေအိမ်ခြေတစ်လုံး အိမ်ခေါင်မိုးနဲ့ အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးခဲ့တယ်။ လေဆင်နှာမောင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ဘူး။ ပျက်စီးခဲ့တဲ့နေခြေက ဒေသခံတွေကို အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်"ဟု အိုတာဂိုနယ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **နိုင်းဆက်**

## လန်ဒန်မြို့မြောက်ပိုင်းတွင် ရေပေးဝေသည့် အဓိကပိုက်လိုင်းကျိုးပေါက်မှုကြောင့် ရေလျှံမှုဖြစ်ပွား

**လန်ဒန် ဒီဇင်ဘာ ၁၈**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၏ မြောက်ဘက်ပိုင်းရှိ Camden မြို့နယ် Belsize လမ်းတွင် ရေပေးဝေသည့် အဓိကပိုက်လိုင်းတစ်ခု ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျိုးပေါက်မှုကြောင့် ရေလျှံမှုဖြစ်ပွားခဲ့ရာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း လန်ဒန်မြို့ မီးသတ်တပ်ဖွဲ့(LFB) က သတင်းထုတ်ပြန်ခဲ့သည်ဟု The Guardian သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လန်ဒန်မြို့မြောက်ပိုင်းရှိ Camden မြို့နယ် Belsize လမ်းတွင် ရေပေးဝေသည့် အဓိကပိုက်လိုင်းတစ်ခု ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရုတ်တရက်ကျိုးပေါက်ခဲ့မှုကြောင့် အဆိုပါလမ်းတစ်လျှောက် မီတာ ၈၀၀ ခန့် လမ်းပေါ်တွင် ရေလွှမ်းမိုးခဲ့ပြီး နေအိမ်အများအပြားအတွင်းသို့ ရေဝင်ရောက်ခဲ့ကာ လမ်းမပေါ်တွင် မီတာဝက်ခန့် ရေနစ်မြုပ်သဖြင့် လန်ဒန်မြို့မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူ ၂၄ ဦးကိုဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားရာနေရာသို့ မီးသတ်ယာဉ်ရှစ်စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၆၀ ခန့် ချက်ချင်းရောက်ရှိလာခဲ့ပြီး ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ရေနစ်မြုပ်မှုဖြစ်ပွားလျက်ရှိသော လမ်းအတွင်းရှိ နေထိုင်သူများကို ဘေးလွတ်ရာသို့ ခေတ္တရွှောင်နေရန် မီးသတ်တပ်ဖွဲ့က ညွှန်ကြားထားပြီး အဆိုပါမြို့နယ်အတွင်းရှိ Swiss Cottage စင်တာတွင် ကယ်ဆယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကို လမ်းကြောင်းပြောင်းရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက အတားအဆီးများနှင့် စွမ်းအားမြင့်မားသော ရေစုပ်စက်များကိုအသုံးပြုလျက်ရှိပြီး ဒေသဆိုင်ရာရဲတပ်ဖွဲ့နှင့် လူနာတင်ယာဉ်များကလည်း နာရီအနည်းငယ်ကြာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို လူမှုကွန်ရက်မှတစ်ဆင့်ဒေသခံများက ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ AZH

## ကာဗွန်ဈေးကွက်ထိန်းချုပ်ရေးသဘောတူညီချက်ရရှိခဲ့ဟု ဥရောပသမဂ္ဂက ထုတ်ပြန်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၈**

ဥရောပသမဂ္ဂအဖွဲ့အစည်းသည် ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်နိုင်ရေးအတွက် ကာဗွန်ဈေးကွက်ထိန်းချုပ်ရေး အစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၁၇ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့ရာ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများကြား သဘောတူညီချက်ရရှိခဲ့သည်ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Euro News သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်နေပြီး ၎င်းစီမံချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကာဗွန်ဈေးကွက်ကိုထိန်းချုပ်နိုင်ရန် လိုအပ်နေကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေးနှင့် ကမ္ဘာမြေကြီးပူနွေးမှုကို ထိန်းချုပ်နိုင်ရေးအဓိကကျသည့် ကာဗွန်ဈေးကွက်ထိန်းချုပ်ရေးသဘောတူညီချက်ရရှိခဲ့သည့်အတွက် အနာဂတ်အတွက် အပေါင်းလက္ခဏာ ဆောင်နေကြောင်း အစည်းအဝေးသို့တက်



ရောက်ခဲ့သည့် ချက်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဂျူရက်ကာက ပြောကြားခဲ့ကြောင်း သိရသည်။

"ကာဗွန်ဈေးကွက်ထိန်းချုပ်ရေးသဘောတူညီချက် ရရှိခဲ့ပါတယ်။ ကမ္ဘာမြေကြီးပူနွေးမှုအတွက် တော်တော်ကိုအရေးပါတဲ့သဘောတူညီချက်ရရှိခဲ့လို့ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးစီမံချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တော့မှာဖြစ်ပါတယ်။ သဘောတူညီချက်တွေ ရရှိခဲ့ပြီဆိုပေမဲ့လဲ အသေးစိတ်အချက်အလက်လေးတွေ ဆက်လက်ဆွေးနွေးဖို့ ကျန်နေပါသေးတယ်"ဟု ချက်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဂျူရက်ကာက ပြောကြားခဲ့သည်။

ကာဗွန်ဈေးကွက်ထိန်းချုပ်ရေးသဘောတူညီချက်နှင့်ပတ်သက်ပြီး ဥရောပပါလီမန်နှင့် ဥရောပကောင်စီတို့၏ တရားဝင်အတည်ပြုချက် လိုအပ်နေသေးသလို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး တရားဝင်လက်မှတ်ရေးထိုးရန် လိုအပ်နေသေးကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

## ဩစတြေးလျနိုင်ငံ ပါ့သ်မြို့တောမီးလောင်ကျွမ်းမှု စောင့်ကြည့်အဆင့်အဖြစ်ပြောင်းလဲသတ်မှတ်

**ကင်ဘာရာ ဒီဇင်ဘာ ၁၈**

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့တောင်ဘက်ပိုင်းတွင် ဒီဇင်ဘာ ၁၆ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် ပါ့သ်မြို့ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ခဲ့ရာ အဆိုပါတောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ပါ့သ်မြို့ မီးသတ်တပ်ဖွဲ့ဝင်များက ၂၄ နာရီကာလပတ်လုံး တောမီးငြိမ်းသတ်နိုင်ရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းခဲ့ခြင်းကြောင့် ယနေ့မှစ၍ တောမီးလောင်ကျွမ်းမှု အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး စောင့်ကြည့်အဆင့်အဖြစ်ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ပါ့သ်မြို့အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Canberra Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် တောမီးလောင်ကျွမ်းရာမှ လူနေအိမ်ခြေများဆီသို့ ရောက်ရှိလာမည်ကို စိုးရိမ်သည့်အတွက် တောမီးထိန်းချုပ်နိုင်ရေး လူအင်အားသုံးခဲ့ပြီး ဆောင်ရွက်ခဲ့သလို လေတိုက်နှုန်းလည်း အနည်းငယ်ကျဆင်းခဲ့ခြင်းကြောင့် တောမီးထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်းရာနှုန်းပြည့်ထိန်းချုပ်နိုင်ခြင်းမျိုးမဟုတ်သေးဘဲ စောင့်ကြည့်ရမည့်အခြေအနေဖြစ်ကြောင်း ပါ့သ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို သတိပေးခဲ့သည်။

"ပါ့သ်မြို့တောင်ဘက်ပိုင်း တောမီးလောင်ကျွမ်းမှု စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကနေ စောင့်ကြည့်ရမဲ့အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပါတယ်။ ဒါပေမဲ့လဲ တောမီးလောင်ကျွမ်းမှုအခြေအနေဟာ လူနေအိမ်ခြေတွေနဲ့ လူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ဆဲဖြစ်ပါတယ်။ အချိန်မရွေး ထိန်းချုပ်ရခက်တဲ့အဆင့်ကိုလဲ ပြန်လည်ရောက်ရှိသွားနိုင်ပါတယ်"ဟု ပါ့သ်မြို့ မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှု သတိထားစောင့်ကြည့်ရမည့် အဆင့်အဖြစ် သတ်မှတ်လိုက်သည့်ဧရိယာများမှာ ဝက်တယ်အပ်လမ်းမ၊ ရှော့ကင်ဟမ်လမ်းနှင့် ကော့ဘန်းလမ်းဆုံ၊ ဂျမ်မာလမ်း၊ မွေလမ်း၊ ဟန့်ဒါဆင်ဧရိယာအရှေ့ဘက်ပိုင်း၊ ကီနာနာမြို့တို့ဖြစ်ကြောင်း ပါ့သ်မြို့ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

## တီဟီရန်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းနှင့် တက္ကသိုလ်များအားလုံး သုံးရက်ကြာ ပိတ်ထားမည်

**တီဟီရန် ဒီဇင်ဘာ ၁၈**

အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှု ဆက်တိုက်ဖြစ်ပေါ်လျက်ရှိရာ ဒုတိယပတ်အတွင်းရောက်ရှိလာသဖြင့် တီဟီရန်မြို့ရှိ စာသင်ကျောင်းနှင့် တက္ကသိုလ်များအားလုံးကို ယနေ့မှ ဒီဇင်ဘာ၂၀ ရက်ထိ သုံးရက်ကြာ ပိတ်ထားမည်ဖြစ်ကြောင်း တီဟီရန်မြို့တော်ဝန်ရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Abed Maleki က ပြောကြားခဲ့သည်ဟု MEHR သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် လာမည့်သီတင်းပတ်အတွင်း ကျင်းပမည့် တီဟီရန်မြို့ခံပြိုင်ဘက်ဘောလုံးအသင်းနှစ်သင်းဖြစ်သော Esteghlal နှင့် Persepolis တို့၏ အီရန်ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် တီဟီရန်မြူနီစီပယ်ဌာနသည် မြို့တော်ရှိ လူစည်ကားရာနေရာများနှင့် ခရိုင်အတွင်းရှိ နေရာများသို့ ယာဉ်အသွားအလာကို ကန့်သတ်ထားကြောင်း၊ လေထုညစ်ညမ်းမှုဆက်လက်ဖြစ်ပေါ်နေပါက အစိုးရရုံးများကိုပါ ပိတ်နိုင်ကြောင်း သိရသည်။

တီဟီရန်မြို့တော်နှင့် နီးကပ်သော Alblorze ပြည်နယ်တွင်လည်း တက္ကသိုလ်နှင့် ကျောင်းများကို သုံးရက်ကြာ ပိတ်ထားမည်ဖြစ်ပြီး အွန်လိုင်းမှသင်ကြားသွားမည်ဖြစ်ကြောင်း ပြည်နယ်အရာရှိတစ်ဦး၏ အဆိုအရ သိရသည်။

လူဦးရေ ၁၅ သန်းရှိသော တီဟီရန်မြို့တွင် လေထုညစ်ညမ်းမှုသည် ဆောင်းဦးနှင့် ဆောင်းရာသီအေးသောအချိန်တွင် ဖြစ်ပွားလေ့ရှိပြီး အပူချိန် ရုတ်တရက်ပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း သိရသည်။

တီဟီရန်မြို့တွင် လေထုအညွှန်းကိန်းသည်လည်း ကျဆင်းလျက်ရှိပြီး နှလုံးရောဂါသည်များ၊ သက်ကြီးရွယ်အိုများနှင့် ကလေးများအပါအဝင် ထိခိုက်မခံသောအုပ်စုများအတွက် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနကလည်း သတိပေးထားကြောင်း သိရသည်။

AZH

# ဆောင်းရာသီ အအေးမပတ်စေသော ခေါင်းလျှော်နည်း

ပေါက်ပေါက်



တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများထဲတွင် ခေါင်းလျှော်ခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၁ ရာစုတွင် တောနေ၊ မြို့နေ လူ ၁၀ ဦးလျှင် ၁၀ ဦးခန့်က ခေါင်းလျှော်ရာ၌ တရော်၊ ကင်ပွန်းသီးကို မသုံးကြတော့ဘဲ လွယ်ကူမြန်ဆန် အသင့်သုံးခေါင်းလျှော်ရည် Shampoo ကိုသာ သုံးစွဲလာကြသည်။ ဆောင်းရာသီတွင် ရေချိုး၊ ခေါင်းလျှော်ကြရာ၌ အရှယ်သုံးပါးမရွေး အအေးမပတ်အောင် သတိထားကြရပါမည်။ ချမ်းအေးသည့် ဆောင်းရာသီတွင် ခေါင်းလျှော်သည့်အခါ လေထုအအေးဓာတ်နှင့် လူ့ခန္ဓာကိုယ်တွင်း ပထဝီ၊ တေဇောဓာတ်များ ထိပ်တိုက်တွေ့ကြသည်။ ထိုအချိန်တွင် ခေါင်းလျှော်နည်း ပုံစံမမှန်ကန်ပါက အာကာသအခိုးများပိတ်၍ ခေါင်းအုံ၊ ခေါင်းနောက်၊ ခေါင်းကိုက်ခြင်းဝေဒနာများဖြစ်စေတတ်ပါသည်။

အထူးသဖြင့် မွေးရာပါ ဆံပင်အုံကောင်းသူများနှင့် ဆံသားထူသူများက နောက်စေ့ (ဦးခေါင်းအောက်ခြေ၏အနောက်ဘက်)တစ်ဝိုက်တွင် အုံပြီးကိုက်ခဲနေတတ်သည်။ ထို့ကြောင့် ဆောင်းရာသီ ခေါင်းလျှော်ပြီးသည့်အခါ နောက်စေ့နှင့် ချိုစောင်း (ဦးခေါင်း၏ ဝဲ၊ ယာဘေးနှစ်ဖက်)တို့တွင် ခြောက်သွေ့နေရန်လိုပါသည်။ သို့မဟုတ်ဘဲ စိုထိုင်းနေပါက ဦးယဉ်းခေါင်းခဲနာ ဝေဒနာကို ခံစားရနိုင်ပါသည်။ ထိုသို့ မဖြစ်ရလေအောင် ဆောင်းရာသီအအေးမပတ်စေသော ခေါင်းလျှော်နည်းကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- လူတချို့က နေ့စဉ် ခေါင်းလောင်းရေချိုးသောအလေ့အထရှိသည်။ လူတချို့က တစ်ရက်ခြား သို့မဟုတ် နှစ်ရက်၊ သုံးရက်ခြား ခေါင်းလျှော်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ချမ်းအေးသောဆောင်းရာသီရောက်ပါက ခေါင်းလျှော်သည့်အကြိမ်ကို လျှော့ချရပေမည်။
- ဦးစွာ တစ်ခေါင်းလုံးအနှံ့ ဆံပင်များစိုသွားအောင် ရေလောင်းချပါ။ ပြီးနောက် မိမိလျှော်နေကျခေါင်းလျှော်ရည် (Shampoo) သုံး၍ ဦးရေပြားနှင့် ဆံသားအနှံ့ကုတ်ခြစ်ပါ၊ ပွတ်ပါ၊ နှိပ်နယ်၍လျှော်ပါ။
- အားရပါးရ ပွတ်နယ်ပြီးနောက် လက်ခုံထဲကို ရေနည်းနည်းစီထည့်၍ ၎င်းရေဖြင့် ငယ်ထိပ်နှင့် နောက်စေ့ပေါ်သို့ အကြိမ်ကြိမ်လောင်းပေးပါ။ ခေါင်းလျှော်ရည်နှင့်အတူ စီးကျလာသော ချေးညှော်ရည်များကို လက်ဖြင့်ဆုပ်၍ညှစ်ချပါ။ (မျက်စိထဲကို ခေါင်းလျှော်ရည်များမဝင်စေရန်အတွက် ယခုလို ငယ်ထိပ်အနောက်ဘက်ပေါ်မှ ရေဖြင့်ညှစ်ချရခြင်းဖြစ်သည်)
- အထက်ပါနည်းအတိုင်း နှစ်ကြိမ်၊ သုံးကြိမ်ခန့်လုပ်ပြီးပါက နောက်ထပ်တစ်ကြိမ် Shampoo ဖြင့် တစ်ခေါင်းလုံးအနှံ့ပွတ်ပါ။ ချမ်းအေးသောဆောင်းရာသီတွင် ယခင်ကာလများနှင့်မတူ ခေါင်းလျှော်သည့်အကြိမ်ရေလျော့ရသဖြင့် ဦးရေပြားနှင့် ဆံသားပေါ်က ချေးညှော်များ လုံးဝသန့်စင်စေရန်အတွက် Shampoo ဖြင့် နှစ်ကြိမ်တိတိလျှော်ပေးရခြင်းဖြစ်ပါသည်။ သို့သော် ယခု ဒုတိယအကြိမ်တွင် Shampoo ကို အနည်းငယ်မျှသာသုံးပါ။
- ဒုတိယအကြိမ်တွင် Shampoo ကို နူးနပ်ထားသည့်အနေဖြင့် ရေချက်ချင်းလောင်းမချပါနှင့်။ ထိုအချိန်တွင် မိမိသုံးထားသည့် ဘီး၊ ဘီးကုပ်၊ ဆံညှပ်၊ ခေါင်းစည်းကြိုးတို့ကို သွားတိုက်တံ (သွားပွတ်တံ) အဟောင်းဖြင့် ပွတ်တိုက်၍ ဆေးကြောသန့်စင်ပါ။
- ပြီးနောက် ခေါင်းလျှော်ရည်ကို ညှစ်ချကာ ရေများများဖြင့် စင်အောင်လျှော်ချပစ်ပါ။ Shampoo အမွှေးနံ့များ ပြယ်ပျောက်သည်ထိ ရေများများသုံး၍ ဆေးကြောပေးရန်လိုအပ်ပါသည်။ အကယ်၍ ဆံပင်တွင် Shampoo များကျန်နေခဲ့ပါက ၎င်းဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် ဦးရေပြားနှင့် ဆံသားကို ထိခိုက်စေကာ အရေပြားမှို့စွဲပြီး ဖောက်ထစေပါသည်။ အဆိုးဆုံးသောအခြေအနေတွင် ဒက်ပေါက်စေနိုင်သည်။ ထို့ပြင် ရက်အနည်းငယ်အကြာတွင် ၎င်း Shampoo အနံ့နှင့် ဦးခေါင်းကထွက်လာသော ချွေး၊ အဆီနံ့များဓာတ်ပြုပြီး ခေါင်းကို အနံ့ဆိုးထွက်စေပါသည်။
- ရေများများဖြင့် စိတ်ကြိုက်သန့်စင်ပြီးနောက် ပဝါကြီးကြီးကိုသုံး၍ ဦးခေါင်းအနှံ့က ရေများကို ပွတ်သပ်ပါ။ အထူးသဖြင့် နောက်စေ့က ရေများခြောက်သည်ထိ ပဝါဖြင့် ခပ်ကြာကြာ ပွတ်ပေးပါ။ (ခေါင်းလျှော်သည့် မျက်နှာသုတ်ပဝါနှင့် မျက်နှာ၊ ခန္ဓာကိုယ်အတွက် ရေသုတ်သည့် ပဝါဟူ၍ ပဝါကို နှစ်မျိုးနှစ်စားခွဲခြားသုံးစွဲသင့်ပါသည်။ ထိုသို့ ခွဲခြားသုံးစွဲခြင်းက ဝက်ခြံမပေါက်စေရန် ကြိုတင်ကာကွယ်ရာရောက်ပါသည်)
- ထို့နောက် ပဝါကြီးဖြင့် တစ်ခေါင်းလုံးကို ပေါင်းထားပြီး မိမိနှစ်သက်ရာ သနပ်ခါး သို့မဟုတ် မိတ်ကပ်လိမ်းခြယ်ပါ။ ပြီးမှ ပဝါကြီးကို ဖယ်လိုက်ပါ။ (ဆိုလိုသည်မှာ လျှော်ထားသည့်ဦးခေါင်းကို ပဝါဖြင့် ၁၀ မိနစ်ခန့် ပေါင်းထားသင့်ပါသည်။ ထိုသို့ပြုခြင်းက ဦးရေပြားနှင့် ဆံသားတို့ကို ရေငွေ့ခြောက်စေသောနည်းဖြစ်ပါသည်။ သို့သော် ၁၀ မိနစ်ထက်ပို၍ ပဝါဖြင့် ပေါင်းထုပ်မထားပါနှင့်။ အပူမထွက်စေတော့ဘဲ မျက်စိကိုထိခိုက်စေပါသည်)
- ပြီးနောက် ဆံပင်ခြောက်သွေ့စေသည့် Hair-dryer(လေမှုတ်စက်)ဖြင့် နောက်စေ့ကို လေမှုတ်ပါ။ အထူးသတိပြုသင့်သည့်အချက်များမှာ -
  - (က) ငယ်ထိပ်နှင့် ချိုစောင်းပေါ်မှ ဆံသားများက သိပ်မကြာခင်တွင် သူ့အလိုလို ရေခြောက်သွားလေ့ရှိပါသည်။ ထို့ကြောင့် ၎င်းနေရာများကို Dryer မမှုတ်ပါနှင့်။ အကယ်၍ ငယ်ထိပ်ကို Hair-dryer ပူပူမှုတ်ပါက မျက်စိကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။
  - (ခ) နောက်စေ့ရှိဆံသားများက တော်တော်နှင့် မခြောက်တတ်သဖြင့် အအေးပတ်၊ ခေါင်းကိုက်ခြင်းမဖြစ်စေရန် ၎င်းနေရာကို Dryer မှုတ်ပေးရပါမည်။
  - (ဂ) Dryer ပူလွန်းလျှင် ဆံသားများကို ထိခိုက်စေပါသည်။ ထို့ပြင် ရေစိုအေးနေသောနေရာကို အပူပြင်းပြင်းတိုက်မိပါက အပူ၊ အအေး ရုတ်ခြည်းထိတွေ့မှုကြောင့် ဓာတ်ဖောက်ပြန်ပြီး ကျန်းမာရေးနှင့်လုံးဝ မညီညွတ်တော့ပေ။ ထို့ကြောင့် Dryer အပူကို Medium ခလုတ်သာထား၍ သုံးပေးပါ။
  - (ဃ) ဆံသားများ ခြောက်သွေ့မာဆတ်ခြင်းမဖြစ်စေရန် ဆံသားများကို အလုံးစုံ ပူနွေးခြောက်သွေ့သွားသည်ထိ Dryer မမှုတ်သင့်ပေ။ သို့သော် ဦးရေပြားနှင့် နောက်စေ့ကဆံသားများကို လက်ဖြင့်စမ်းကြည့်ပါက ခပ်နွေးနွေးဖြစ်လာသည်ထိ Dryer မှုတ်ပေးပါ။ မိမိနှစ်သက်ရာ အုန်းဆီ သို့မဟုတ် ခေါင်းလိမ်းဆီ သို့မဟုတ် Hair Coat အနည်းငယ်ကို လက်ဖဝါးပေါ်ပွတ်ပြီး ဆံသားအနှံ့ လူးနယ်ပေးပါ။ ဘီးသန့်သန့်ဖြင့် ဆံနွယ်များကို ခပ်ဖြည်းဖြည်းချင်း ရှင်းထုတ်ပါ။

**သတိပြုရန်**

- မျက်စိကျန်းမာရေးအတွက်သာမက ဘက်ပေါင်းစုံကျန်းမာစေရန်အတွက် မွန်းလွဲပိုင်းမှစ၍ ခေါင်းမလျှော်သင့်ပေ။
- ရာသီဥတု မည်မျှပင်အေးပါစေ ရေနွေးဖြင့် ခေါင်းမလျှော်ပါနှင့်။ မိမိခန္ဓာကိုယ်အပူချိန်ထက် ပို၍ပူသောရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားကိုကာကွယ်ပေးသည့်သဘာဝအဆီဓာတ်ကို ဆုံးရှုံးသွားကာ ဆံသားများခြောက်သွေ့၍ မာဆတ်ဆတ်ဖြစ်စေနိုင်ပါသည်။
- ဆံပင်အရှုပ်အထွေးကို ရှင်းလင်းရန်အတွက် ဦးစွာ ဆံပင်ထိပ်ဖျားပိုင်းမှဖြီးပါ။ ထို့နောက် ဆံပင်များကို အသာအယာစုစည်းဆုပ်ကိုင်ပြီး ဆံပင်အရင်းပိုင်း(အမြစ်)မှ အဖျားပိုင်း (အောက်ခြေ)သို့ ဆွဲချဖြီးပါ။
- ဆံပင်ကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်ထက်ပို၍ မလျှော်ပါနှင့်။ ထိုထက် အကြိမ်ရေပိုလျှော်ခြင်းက ဆံပင်များကျွတ်ထွက်စေပြီး ဦးရေပြားအဆီကိုလည်း ခန်းခြောက်စေပါလိမ့်မည်။
- ဖောက်ထ၍ ဦးရေပြားယားယံခြင်းကလည်း ဆံပင်ကျွတ်ခြင်း၏ အဓိကသော့ချက်ဖြစ်ပါသည်။ ထို့ကြောင့် ဦးခေါင်းသန့်စင်၍ တစ်ကိုယ်ရေကျန်းမာရေးအတွက် အချိန်ပေးကာ ဆောင်ရွက်ပေးလိုက်ပါ။
- ဖောက်ထ၍ ယားယံသောဦးရေပြားအတွက် Itchy due to dandruff သို့မဟုတ် Itchy scalp anti dandruff စာတန်းပါသော Shampoo အမျိုးအစားကိုသာ ရွေးချယ်ပါ။ သို့သော် ဖောက်သေဆေးပါသော Shampoo များက ဆံသားကို အတန်ငယ်ဖွာ၍ကြမ်းတမ်းစေသဖြင့် ဆံပင်ပျော့စေရန် ပေါင်းဆေးပါသော Shampoo သို့မဟုတ် smooth & silky စာတန်းပါသော Shampoo ကိုပါ တွဲ၍သုံးပေးသင့်ပါသည်။
- ပလတ်စတစ်ဘီးဖြင့် ခေါင်းဖြီးခြင်းက ဦးရေပြားပူ၍ ဖောက်ထစေနိုင်သည်။ ထို့ကြောင့် သစ်သားဘီးကိုသာ သုံးစွဲသင့်ပါသည်။
- ခေါင်းလျှော်သည့်နေ့တွင် ခေါင်းအုံးစွပ်ကို လည်းလျှော်ပါ၊ အသစ်လဲပါ။ ဟောင်းနွမ်းညစ်ပေနေသော ခေါင်းအုံးစွပ်က ဆံပင်ကို အနံ့အသက်ဆိုးထွက်စေသလို ဝက်ခြံဖုများထွက်လာစေပါသည်။
- ပိုးသား သို့မဟုတ် နူးညံ့ချောမွေ့သော ခေါင်းအုံးစွပ်အမျိုးအစားကိုသုံးစွဲခြင်းက ဆံသားပျော့ပျောင်းမှုကို အားပေးပါသည်။

# ကံမမြို့နယ်တွင် ရွှေတော-ကရင်စု-ထန်းလေးပင်-ဝန်လိုကိုင်း ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကံမ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရွှေတော-ကရင်စု-ထန်းလေးပင်-ဝန်လိုကိုင်း ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်အေးနန်းထွေးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကံမမြို့နယ် ရွှေတော-ကရင်စု-ထန်းလေးပင်-ဝန်လိုကိုင်း ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)က လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရွှေတော-ကရင်စု-ထန်းလေးပင်-ဝန်လိုကိုင်း ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၂၄ ပေ၊ အမြင့် ရှစ်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် အောက်တိုဘာလကစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာလေးရွာရှိ အိမ်ခြေ ၅၅၁ အိမ်၊ လူ ၁၇၉၇ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးနန်းထွေးက ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

# ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ စားသုံးဆီတန်ချိန် ၄၄၀၀၀၀ ကျော် တင်သွင်းခဲ့



**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ စားသုံးဆီတန်ချိန် ၄၄၀၀၀၀ ကျော် တင်သွင်းခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်းနှင့် ပဲပုပ်များကို စိုက်ပျိုးနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ စားသုံးဆီများကို တစ်နှစ်လျှင် တန်ချိန် ၈၀၀၀၀၀ ခန့် တင်သွင်းလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ ၁၁ လတာကာလအတွင်း စားသုံးဆီ ၄၄၁၂၉၂ တန် တင်သွင်းခဲ့ရကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက်သာမက စားသုံးဆီ အဓိကတင်ပို့ရောင်းချပေးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်သွားနိုင်ရေးအစီအစဉ်ရန်နှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းရှိ ဆီစက်များအဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ဆီစက်လုပ်ငန်းများအနေဖြင့် ထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမား အစုအဖွဲ့များနှင့် သမဝါယမအသင်းများမှတစ်ဆင့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဆီစက်များ ကုန်ကြမ်းရရှိစေရေး၊ ထုတ်ကုန်များနှင့်ပတ်သက်၍ စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေး၊ စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များ၊ ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များနှင့် နည်းပညာပိုင်း ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပံ့ပိုးကူညီပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂ္ဂလိကကဏ္ဍမှ နေကြာဆီများစွာထုတ်လုပ်နိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ရေး၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ခေတ်မီဆီစက်လုပ်ငန်းများဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ (၃၃၆)

# မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆားလို့မိုင်-ဟာကြားမုတိ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆားလို့မိုင်-ဟာကြားမုတိ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်း ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကြောင့် ကျေးရွာနှစ်ရွာ၊ စိုက်ဧက ၁၀၀၊ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၃၁၆ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**






# STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ
လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။









STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄




# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၀၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## Long Style Beauty Saloon

**ဆေးဆိုး** → *(30%) off*

ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| * ခေါင်းလျှော်ကျွမ်းကျင် | (၅)ဦး |
| * အလုပ်သင် | (၅)ဦး |
| * ဆံပင်ညှပ်ဆရာ | (၃)ဦး |

(ယောကျ်ားလေးညှပ်ကျွမ်းကျင်)
၃၇လမ်း၊၇၅× ၇၆ကြား။ ဖုန်း/ 09-2053849



ဟော့ပေါ့ဆိုင်အတွက်ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| ဝန်ထမ်းခေါင်းဆောင် | မ | (၂)ဦး |
| စားပွဲထိုး | မ | (၈)ဦး |
| မီးဖိုချောင်အကူ | မ | (၅)ဦး |

အတွေ့အကြုံရှိသူ ဦးစားပေးမည်၊
ဆက်သွယ်ရန်- 09-404094898


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...

❖ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်းတင်ပို့မှု မကြာမီပြည့်မီတော့မည်



**ပုသိမ် ဒီဇင်ဘာ ၁၈**

မြန်မာ့ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ တိုက်ရိုက်တင်ပို့လျက်ရှိပြီး ကနဦးလျာထားချက်ဖြစ်သည့် ဆန်တန်ချိန်သုံးသောင်း မကြာမီပြည့်မီတော့မည်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့နေသော မြန်မာ့ဆန်များအရည်အသွေးပြည့်မီစေရန်နှင့် မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် ပို့ကုန်တင်ပို့နေသော ကုမ္ပဏီများပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ နိုဝင်ဘာ ၂ ရက်ကစ၍ တိုက်ရိုက်တင်ပို့သောစနစ်ဖြင့် တင်ပို့နိုင်ခဲ့ပြီး ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှစ်စီးမြောက်သင်္ဘောသည် ဆန်တန်ချိန် ၂၆၅၀ ကို တင်ဆောင်လျက်ရှိကာ ဒီဇင်ဘာ ၁၉ ရက်တွင် ထွက်ခွာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G သဘောတူညီမှုအရ ဆန်တန်ချိန်နှစ်သိန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် သီလဝါဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိသည့်နည်းတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း(Ayeyarwaddy International Industrial Port)မှလည်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပသို့ **စာမျက်နှာ ၁၆ ကော်လံ ၃** ☆

# အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားချန်ပီယံဆုကို တတိယအကြိမ်မြောက်ဆွတ်ခူး



**ဒိုဟာ ဒီဇင်ဘာ ၁၈**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ည ၉ နာရီခွဲက ကာတာနိုင်ငံ လူဆယ်မြို့ရှိ လူဆယ်အိုင်ကွန်နစ်အားကစားကွင်းတွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု **Bleacher Report Football** က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း **စာမျက်နှာ ၂၂ ကော်လံ ၁** ❖

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO. TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

